# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်  ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ သောကြာနေ့  အတွဲ (၆၃)၊ အမှတ်(၁၀၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နာဂရိုးရာနှစ်သစ်ကူးပွဲတော် လေရှီးမြို့၌ စည်ကား သိုက်မြိုက်စွာကျင်းပမည်

လေရှီး ဇန်နဝါရီ ၁၁

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၁၅ ရက်တွင် မြို့နယ်ဘောလုံးကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လေရှီးမြို့တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်အဖွဲ့၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် လေရှီးမြို့နယ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပရေး ဆပ်ကော်မတီဝင်များ၊ မြို့နယ်နာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ စုပေါင်းအင်အားဖြင့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်စည်ကားသိုက်မြိုက် အောင်မြင်စွာကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြို့မုခ်ဦးအဝင်မှစ၍ ပွဲတော်ကျင်းပမည့်ကွင်းအထိ MSME အသေးစားဒေသထွက် ကော်ဖီနှင့် လက်ဖက်၊ ဝိုင်အရောင်းပြခန်းများ၊

*စာမျက်နှာ ၅ ကော်လံ ၁* ❐




## ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားနှင့် ရိုးရာကောက်သစ်စားပွဲတော်ကျင်းပ

ဘားအံ ဇန်နဝါရီ ၁၁

ကရင်တိုင်းရင်းသားလူမျိုးများ၏ နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်သော ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့တွင် ကျရောက်သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားနှင့် ကရင်ရိုးရာကောက်သစ်စားပွဲကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ သီရိကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

### ယနေ့ ဖတ်စရာ


မြန်မာ့ရိုးရာရက်ကန်းထည်များကို ပြည်တွင်း၌ စိတ်ဝင်စားမှုရှိနေပြီး ရောင်းအား ပုံမှန်ရှိနေ  ပြည်တွင်းသတင်း စာ ၂

မကွေးတိုင်းဒေသကြီးအတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးများအား အခမဲ့ ခွဲစိတ်ကုသပေး  ပြည်တွင်းသတင်း စာ ၁၂





# ဘဝများစွာ သံသရာအတွက် ကြီးလှစွာသော အကုသိုလ်ဒုစရိုက်အမှု

ဗုဒ္ဓဘာသာသည် ခရစ်တော်မပေါ်မီ (ဘီစီ) ၅၈၈ တွင် ပေါ်ထွန်းခဲ့ခြင်းဖြစ်ရာ နှစ်ပေါင်း ၂၆၀၀ ခန့် ကြာမြင့်ခဲ့ပြီဖြစ်သည်။ အိန္ဒိယတိုက်ငယ်မှစတင် ပေါ်ထွန်းလာခဲ့သည့် ဗုဒ္ဓဘာသာသည် လူသားတို့ ယုံကြည်ကိုးကွယ်ရာ ဘာသာတရားတစ်ခုအဖြစ် အာရှနှင့် ကမ္ဘာ့ဒေသအချို့သို့ ပျံ့နှံ့ရောက်ရှိခဲ့သလို နှစ်ပရိစ္ဆေဒများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ဘာသာရေးသမိုင်းတစ်လျှောက် နိမ့်တုံ၊ မြင့်တုံလောကဓမ္မကို ကြိမ်ဖန်များစွာ ကြုံတွေ့ဖြတ်သန်းခဲ့ရသည်။ ဂေါတမဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလမှာရော ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံပြီးသည့်နောက်တွင်ပါ ဗုဒ္ဓဘာသာသည်လည်းကောင်း၊ ယုံကြည်ကိုးကွယ်သူဗုဒ္ဓဘာသာဝင်များသည်လည်းကောင်း၊ ဗုဒ္ဓသာသနိကဆိုင်ရာ စေတီ ပုထိုး ဘုရားဆင်းတု ကျောင်းကန်ဇရပ်များသည်လည်းကောင်း သတ်ဖြတ်ညှဉ်းပန်းနှိပ်စက်ဖျက်ဆီးမှုများ အကြိမ်ကြိမ်ခံခဲ့ကြရဖူးသည်မှာ မျက်မှောက်ခေတ်ကာလထိတိုင်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တို့၏အမြင့်မားဆုံးသော၊ အဆုံးစွန်သောရည်မှန်းချက်ပန်းတိုင်မှာ နိဗ္ဗာန်ဟုခေါ်သည့် ငြိမ်းသက်ငြိမ်းအေးမှုဖြစ်သည်။ ဗုဒ္ဓဘာသာကိုယုံကြည်ကိုးကွယ်သူတို့သည် မကောင်းမှုဟူသမျှတို့ကို ရှောင်ကြဉ်ရန်၊ ကောင်းမှုဟူသမျှတို့ကို ပြုလုပ်ကြရန်၊ စိတ်နှလုံးဖြူစင်ဖြောင့်မတ်စေရန် အားထုတ်ကြိုးပမ်းကြရသည်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်အဖြစ် ဘဝကို လျှောက်လှမ်းရာတွင် ကုသိုလ်ကမ္မပထတရား ၁၀ ပါးတို့ကိုလည်း ကျင့်ကြံကြိုးကုတ်အားထုတ်လုပ်ဆောင်ကြခြင်းအားဖြင့် လူဖြစ်ရကျိုးနပ်စေရန် ဆောင်ရွက်ကြရသည်။ လူကောင်းတစ်ယောက်ဖြစ်လာမှသာ လူဖြစ်ရကျိုးနပ်သည့်အလျောက် လူကောင်းတစ်ယောက်ဖြစ်လာဖို့ အားထုတ်ကြရသည်။ စိတ်ကောင်း၊ နှလုံးကောင်း၊ ကောင်းမြတ်သည့်အရည်အချင်းများနှင့် ပြည့်စုံလာစေရန် ကြိုးစားကြရသည်။

လူကောင်းတစ်ယောက်ဖြစ်လာသည့်အခါ ထိုသူသည် လူ့အဖွဲ့အစည်းအတွက် ကောင်းကျိုးဆောင်သူ၊ မိမိကဲ့သို့ပင် လူ့လောကတွင် ရှင်သန်နေသူချင်းအတူတူတို့အပေါ် ကောင်းစေလိုသည့် မေတ္တာစိတ်ရှိသူအဖြစ်ဖြင့် အကျိုးပြုသည်။ တစ်ဖန် အကြောင်းအရာတစ်ခုခုကြောင့် နိမ့်ကျနေသူ၊ ဒုက္ခရောက်သူတို့အပေါ်တွင် ကရုဏာစိတ်ဖြင့် ဖေးမကူညီတတ်ကြပြန်သည်။ ဆင်းရဲဒုက္ခရောက်သူတို့အပေါ်၊ နိမ့်ကျနေသူတို့အပေါ် ဆင်းရဲဒုက္ခမှ လွတ်မြောက်စေရန် တတ်နိုင်သမျှ စောင့်ရှောက်ကယ်မခြင်းသည် သူတော်ကောင်းတို့၏ အရည်အချင်းတစ်ရပ်ပင်ဖြစ်သည်။ ထို့အပြင် မိမိထက် ပိုမိုအောင်မြင်ကြီးပွားတိုးတက်သူတို့ကို တွေ့မြင်လာပါကလည်း ကျေနပ်ဝမ်းမြောက်ခြင်း၊ မိမိကိုယ်တိုင် အောင်မြင်ကြီးပွားတိုးတက်သကဲ့သို့ ဝမ်းသာခြင်းသည် သူတော်ကောင်းအရည်အချင်းပင် ဖြစ်သည်။ နောက်တစ်ခုမှာ ဥပက္ခာဖြစ်ပြီး မိမိကိုဆန့်ကျင်သူ၊ ပမာမခန့်ပြုသူ၊ မိမိကမည်မျှပင်ကောင်းကျိုးပြုစေကာမူ မကောင်းသည့်ခံစားချက်ဖြင့် တုံ့ပြန်သူတို့၏ အပြုအမူများအပေါ် သည်းခံခွင့်လွှတ်ခြင်းဖြင့် ဥပေက္ခာပြုခြင်းပင် ဖြစ်ပြီး လူကောင်း၊ သူကောင်းတို့က ဖော်ပြပါအရည်အချင်းများ၊ လောကကိုစောင့်ရှောက်သည့်တရားများဖြင့် ကောင်းကျိုးပြုကြသည်။ ဗုဒ္ဓဘာသာသည်လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်တို့သည်လည်းကောင်း လောကလူ့ဘုံအပေါ် မည်မျှအကျိုးပြုစေကာမူ ဖျက်ဆီးမှု၊ စော်ကားမှု၊ တိုက်ခိုက်မှုတို့ကား ခေတ်ကာလတိုင်းတွင် ရှိစမြဲ။

ယခုလည်း ဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း၊ ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသောကံသုံးပါးတို့ဖြင့် ပြစ်မှားမှုများစွာတို့ကို စိတ်နှလုံးမချမ်းမြေ့ဖွယ် တွေ့မြင်ကြားသိနေရသည်။ အပြုအမူတိုင်းအတွက် အကျိုးရလဒ်ဟူသည် ထွက်ပေါ်လာစမြဲဖြစ်သည်။ ကံနှင့် ကံ၏အကျိုးဟူသည် နွား၏ခြေရာနောက်သို့ လှည်းဘီးက တစ်ထပ်တည်းလိုက်သကဲ့သို့ပင်ဖြစ်သည်။ မိမိစိုက်ပျိုးသမျှ မိမိရိတ်သိမ်းရသည်ဟူ၍လည်း အခြားဘာသာတရားတွင် ပြဆိုထားသည်။ လူအများအပြားတို့၏ စိတ်နှလုံးကိုထိခိုက်စေခြင်း၊ မချမ်းမြေ့စေခြင်း၊ ဝမ်းနည်းကြေကွဲစေခြင်းသည် ကြီးမားလှစွာသော အကုသိုလ် ဒုစရိုက်အမှုပြုခြင်းပင်ဖြစ်ရာ မျက်မှောက်ဘဝတွင်ရော သံသရာ၌ပါ ကြီးမားစွာပေးဆပ်ကြရစမြဲဟူ၍ သံဝေဂ ယူနိုင်ကြပါစေကြောင်း။ ။

## မြန်မာ့ရိုးရာရက်ကန်းထည်များကို ပြည်တွင်း၌ စိတ်ဝင်စားမှုရှိနေပြီး ရောင်းအားပုံမှန်ရှိနေ

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာ့ရိုးရာရက်ကန်းထည်များကို ပြည်တွင်း၌ စိတ်ဝင်စားမှုရှိနေပြီး ရောင်းအားပုံမှန်ရှိနေကြောင်း ရက်ကန်းချည်ထည်အမျိုးမျိုး ရောင်းဝယ်ရေးဆောင်ရွက်နေသူများထံမှ သိရသည်။

"ရက်ကန်းထုတ်ပစ္စည်းတွေနဲ့ပတ်သက်တဲ့ အခြေအနေကတော့ ပြည်တွင်းစိတ်ဝင်စားမှုရှိပါတယ်။ ထိုင်းဘက်က မြန်မာတွေမှာတာတွေလည်းရှိတယ်။ အဝယ်လိုက်တာတွေလည်း ရှိတယ်" ဟု ရက်ကန်းချည်ထည်အမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်တစ်ဦးက ပြောသည်။

မြစ်ကြီးနား၊ ရွှေဘို၊ မန္တလေးနှင့် ကန့်ဘလူဒေသများသည် မြန်မာရိုးရာရက်ကန်းရုံအများဆုံးရှိသည့် ဒေသများဖြစ်ပြီး ထိုမှတစ်ဆင့် ကျားဝတ်၊ မဝတ်လုံချည်များ၊ ဗမာချည်ထည်များ၊ အညာစောင်များ၊ ကချင်လုံချည်များ စသည်ဖြင့် ရက်ကန်းထည်အမျိုးမျိုးကို ဖြန့်ချိလျက်ရှိကြောင်း သိရသည်။ ထို့ပြင် ရက်ကန်းထည်များအနေဖြင့် ရန်ကုန်တွင် ဈေးကွက်ရှိနေကာ နိုင်ငံခြားသားများကလည်း စိတ်ဝင်စားမှုရှိနေကြောင်း ၎င်းက ပြောသည်။

"နိုင်ငံခြားသားတွေက မြန်မာ့ရက်ကန်းနဲ့လုပ်တဲ့ အထည်တွေကို Hand made လို့ခေါ်ကြတယ်။ သူတို့ရဲ့အိမ်တွင်းအလှဆင်တဲ့နေရာတွေမှာ တန်ဖိုးထားသုံးကြတာရှိတယ်။ ဥပမာ စားပွဲခင်းတို့၊ ပဝါတို့ ဆိုလို့ရှိရင် ဧည့်ခန်းအလှဆင်နေရာတွေမှာ သုံးကြတယ် " ဟု အထက်ပါလုပ်ငန်းရှင်က ပြောသည်။ **သစ်တော်**

## ရော်ဘာဈေးနှုန်း တည်ငြိမ်နေပြီး ပြည်တွင်း၌ ရော်ဘာရောင်းလိုအား များပြား

သုဝဏ္ဏဝတီ ဇန်နဝါရီ ၁၁

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ပတ်ဝန်းကျင်ကျေးရွာများရှိ ရော်ဘာခြံလုပ်ငန်းလုပ်ကိုင်နေကြသူများသည် ရော်ဘာရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်နေကြသူများထံသို့ ရော်ဘာမှိုင်းကျတစ်ပေါင်ကျပ် ၁၅၈၀ ဖြင့် ရောင်းချရသည့်အတွက် အဆင်ပြေကြောင်း သိရသည်။

"ရော်ဘာဈေးနှုန်းက ဒီဈေးနဲ့ ငြိမ်နေတာ ကြာပြီ။ တစ်ရက်ကိုပေါင် နှစ်သောင်းခွဲကနေ သုံးသောင်းကျော် ဝယ်နေရတယ်။ နေလှန်းပြားတစ်ပေါင် ကျပ် ၁၃၄၀ ဈေး နဲ့ နေလှန်းပြားပဲ လာရောင်းတဲ့သူ များပါတယ်။ နေလှန်းပြားကို စက်ရုံပို့ မှိုင်းတင်ပြီးမှပဲ ဝယ်လက်တွေကို ပေါက်ဈေးအတိုင်း ပြန်ရောင်းပါတယ်" ဟု သုဝဏ္ဏဝတီမြို့ ရွှေလက်ဆောင် ရော်ဘာရောင်းဝယ်ရေးမှ မန်နေဂျာဖြစ်သူ ကိုဝေယံက ပြောသည်။

ရော်ဘာခြံစိုက်ပျိုးသူ တောင်သူများကလည်း အလုပ်သမားရရှိမှုအပေါ် မူတည်၍ ရရှိသည့် ရော်ဘာနေလှန်းပြားများကို တစ်လတစ်ခါ လာရောက်ရောင်းချကြောင်း၊ ဘီးလင်းမြို့နယ် ရွှေရောင်ပြကျေးရွာမှ ဒေါ်လှဝင်းက ပြောသည်။

ရော်ဘာစတင်ချိန် အောက်တိုဘာ ပထမအပတ် က မှိုင်းကျတစ်ပေါင်ကျပ် ၁၇၀၀၊ နေလှန်းပြား တစ်ပေါင် ၁၄၅၅ ကျပ်ဖြင့် စတင်ခဲ့သော်လည်း ယခုရာသီအလယ်တွင် ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိပြီး ပြည်တွင်းရောင်းလိုအားက များနေကြောင်း ရော်ဘာရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်နေကြသူများထံမှ သိရသည်။ **ခွန်(ဝင်းပ)**

## ပြဖို့ ချိန်တန် ဇာတိမာန်

❖ အမျိုး ဘာသာ၊ သာသနာ ကို
ကျူးလာ စော်ကား၊ မိစ္ဆာများအား
ဖယ်ရှားတိုက်ထုတ် အမြစ်ဖြုတ်လေ့။

❖ **အရိပ်နေနေ အခက်ချိုးချိုး**
**ဗာလဆိုး**အား၊ ထပ်တိုးမခံ
ထပ်ဆိုးမခံ အပြုတ်နှံလေ့ ။

❖ တိုင်းပြည်ကို ဖျက်
မြို့ရွာကို ဖျက်
ဘာသာကို ဖျက်
သာသနာကို ဖျက်
ဆန်ကောလောက်မှ ဇောက်မနက်သည့်
**ပက်စက်စွာ တွေး**
**သေးသိမ်စွာ ကျင့်**
**ချင့်ချိန်မှု ကင်း**
**စဉ်းလဲစွာ ကြံ**
**အဖျက်ရန်စ**
အပျက်ကြံဆ
မှန်သမျှကို၊ ဆတိုးကြိုးကုတ်
**မဟုတ်မခံ၊ ဇာတိမာန်နဲ့**
တုံ့ပြန် ချေမှုန်း လက်စတုံးလေ့ ။

❖ တို့ခေတ် တို့သမိုင်း
မရိုင်းစေရ၊ မြတ်ဆန္ဒဖြင့်
ပြဖို့ချိန်တန် ဇာတိမာန်။

❖ အို . .
**ထလေ့ ပြည်သူ**
**မူလေ့ ပြည်ကျိုး**
**နိုးလေ့ ပြည်ရွာ**
**ပါလေ့ ပြည်ရေး**
အရေးကြီးပြီ
သွေးစည်းကြစို့ ညီကြစို့။
နောင်ညီချစ်ဆွေ သားချင်းတို့ ။ ။

***မျိုးမြတ်မြတ်မြင့်မောင်***

## ပြီးခဲ့သည့် ဒီဇင်ဘာလအတွက် ပြည်ပစေလွှတ်သည့် လုပ်သားစာရင်း လုံးဝပေးပို့ခြင်းမရှိသည့် အေဂျင်စီ ၁၈ ခုရှိနေ

ရန်ကုန် ဇန်နဝါရီ ၁၁

၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွက် ပြည်ပစေလွှတ်သည့် လုပ်သားစာရင်း လုံးဝပေးပို့ခြင်းမရှိသည့် အေဂျင်စီ ၁၈ ခုအထိ ရှိနေကြောင်း Safe Migration က အသိပေးထားသည်။

ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများအနေဖြင့် ဇန်နဝါရီ ၁ ရက်မှစ၍ အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရုံးချုပ်သို့လူကိုယ်တိုင်သော်လည်းကောင်း၊ စာလမ်းကြောင်းမှသော်လည်းကောင်း တင်ပြရန်မလိုတော့ဘဲ တင်ပြမည့်နိုင်ငံအလိုက် အီးမေးလ်များဖြင့်သာ တင်ပြရမည်ဖြစ်ကြောင်းလည်း အသိပေးခဲ့သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွက် စေလွှတ်လချုပ်လုပ်သားစာရင်းပေးခြင်း မရှိသည့် အေဂျင်စီ ၁၈ ခုစာရင်းကို ဇန်နဝါရီ ၉ ရက် ညပိုင်းတွင် ထုတ်ပြန်ခဲ့ပြီး ယင်းအေဂျင်စီများအနက် အေဂျင်စီ သုံးခုမှာ သုံးကြိမ်အထက် ပျက်ကွက်မှုရှိကြောင်း သိရသည်။

စေလွှတ်လချုပ်လုံးဝပေးပို့ခြင်းမရှိသည့် အေဂျင်စီများအနေဖြင့် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၃ နာရီနောက်ဆုံးထား အီးမေးလ်ပေးပို့ရန် နောက်ဆုံးအကြိမ် အသိပေးထားသည်။

နိုင်ငံအလိုက်စေလွှတ်လိုက်သည့် အလုပ်သမားစာရင်းအရေအတွက်ကို အေဂျင်စီများအနေဖြင့် စေလွှတ်လချုပ်အား စေလွှတ်စာရင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ယာယီအပိတ်ခံထားရသည်ဖြစ်စေ ပေးပို့ကြရမည်ဟု အသိပေးထားသည်။

စာဖြင့် သတိပေး သုံးကြိမ်ရှိသူများအနေဖြင့် နောက်တစ်ကြိမ်ထပ်မံဖြစ်ပွားပါက ဝန်ခံကတိစတင်လက်မှတ်ရေးထိုးရမည်ဖြစ်ကြောင်း၊ ထပ်မံ၍ပျက်ကွက်ပါက ကာလအကန့်အသတ်ဖြင့် လိုင်စင်ပိတ်သိမ်းခံရမည်ဖြစ်ကြောင်းလည်း နိုဝင်ဘာလက အသိပေးထားသည်။ **MT**

## ကျိုင်းတုံမြို့ အထက(ယန်းလူး)ကျောင်း၌ ပညာရေးစုံညီပွဲတော်ကျင်းပ

ကျိုင်းတုံ ဇန်နဝါရီ ၁၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အထက(ယန်းလူး) ကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၁ ရက်က ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေး၊ အဖွဲ့ဝင် (၂) ဦးစိုင်းဆမ်တစ်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးဒယ်နီရယ်တို့က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်ဝင်းက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အထိမ်းအမှတ်နေ့များအလိုက် ကျင်းပခဲ့သည့် ပြိုင်ပွဲများတွင် ဆုရရှိသည့်ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော် ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖြေဖျော်တင်ဆက်ကြရာ တာဝန်ရှိသူများနှင့် ကျောင်းသားမိဘများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်အိတ်နှင့် ဆီများ ပေးအပ်လှူဒါန်း တိုင်းရင်းသားစာပေယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံထောက်ပံ့

နေပြည်တော် ဇန်နဝါရီ ၁၁

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် နိုင်ငံတော်ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးတို့နှင့်အတူ ယနေ့ နံနက် ၈ နာရီက မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက်အတွင်းရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၌ မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများအတွက် ဆန်၊ ဆီနှင့် အလှူငွေများ လှူဒါန်းကြသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဆရာတော်ထံ ဆန်၊ ဆီများ ဆက်ကပ်လှူဒါန်းစဉ်။

### ဂါရဝပြုလက်ဆောင်ပေးအပ်

ဦးစွာ နိုင်ငံတော်သံဃနာယကအဖွဲ့ဝင်၊ ခေမာသီဝံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသအမှူးပြုသော ဆရာတော်အရှင်သူမြတ်များထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်နှင့် တက်ရောက်လာသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်မေတ္တာဒေသနာတော်များကို နာယူကြကာ မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းတို့အတွက် ဆန်အိတ် ၅၀ နှင့် ဆီ ၁၀ ပုံးတို့ကို ဆရာတော်အရှင်သူမြတ်များထံ ဆက်ကပ်ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းအတွင်း မနောအိမ်တော်၌ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ကြရာ တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအသင်းအဖွဲ့ခေါင်းဆောင်များက ရိုးရာမဂ္ဂန်းလစ်ဖြင့် ဂါရဝပြုလက်ဆောင်ပေးအပ်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ကချင်ပြည်နယ်အနေဖြင့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများ၏ ဒေသအတွင်း အသိပညာဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိမှသာ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာမည် ဖြစ်ပါကြောင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ဝင်များ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စုအတွင်း ဧရာဝတီမြစ်ကမ်းဘေး ရွှေမိုးတောင်ပေါ်၌ တည်ထားကိုးကွယ်တော်မူသည့် ရဟန္တာတစ်ထောင်ရှင်ပင်မြတ်စွာဆုတောင်းပြည့်စေတီတော်ကြီးအား လက်ယာရစ်ပတ်ပူဇော်စဉ်။

ထိန်းသိမ်းမြှင့်တင်ခြင်း၊ တိုင်းရင်းသားအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို တိုးတက်ခိုင်မာစေမည်ဖြစ်ပါကြောင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကိုလည်း အဘက်ဘက်မှ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း နိုင်ငံတော်နှင့်အတူ ပူးပေါင်းလက်တွဲပြီး ကြိုးပမ်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်ပါ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က တိုင်းရင်းသားများအရေးအတွက် ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်း၍ ဦးစီးဌာနများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုများ တည်ရှိမှုအခြေအနေများနှင့် စာပေယဉ်ကျေးမှုအသင်းအဖွဲ့များအလိုက်တင်ပြထားသည့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

### အလှူငွေများဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများသည် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စုအတွင်း ဧရာဝတီမြစ်ကမ်းဘေး ရွှေမိုးတောင်ပေါ်၌ တည်ထားကိုးကွယ်တော်မူသည့် ရဟန္တာတစ်ထောင်ရှင်ပင်မြတ်စွာဆုတောင်းပြည့်စေတီတော်သို့ သွားရောက်ပြီး စေတီတော်ကြီးကို လက်ယာရစ်ပတ်ပူဇော်ကာ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ပြီး စေတီတော်ဘက်စုံပြုပြင်မွမ်းမံနိုင်ရေးအတွက် အလှူငွေများ လှူဒါန်းကြသည်။

ကြောင်း၊ နိုင်ငံတော်နှင့် ဒေသခံတိုင်းရင်းသားများ အတူတကွ ပူးပေါင်းလက်တွဲပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်သင်ကြားခြင်းနှင့် ထိရောက်သောစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားလူမျိုးများ၏အကျိုးကို အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

### ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်

ထို့ပြင် တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ကိုးကွယ်သည့်ဘာသာများကို လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသကဲ့သို့ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာအရ ကျင်းပသည့် ပွဲတော်များ၊ ယခုကဲ့သို့ ပြည်နယ်နေ့အခမ်းအနားများ၊ နေ့ထူးနေ့မြတ်အခမ်းအနားများကို တိုင်းရင်းသားအားလုံး ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းပါဝင်ပြီး စဉ်ဆက်မပြတ် ကျင်းပခြင်းဖြင့် တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ခြင်း၊ ချစ်ကြည်လေးစားခြင်းနှင့် ရိုင်းပင်းကူညီခြင်းတို့ တိုးတက်ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ကို အထောက်အကူပြုစေရန်အတွက် တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုများကို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများက တက်ရောက်လာကြသည့် ပြည်နယ်အတွင်းမှ ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုး၊ ဗမာ၊ ရခိုင်နှင့် ကရင်မျိုးနွယ်စုများ၏ စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းအတွင်း မနောအိမ်တော်၌ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့အား ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်စဉ်။

*စာမျက်နှာ ၃ မှ*

မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်း၊ ကချင်ပြည်နယ် ရှမ်းမျိုးနွယ်စုများစာပေနှင့် ယဉ်ကျေးမှုအသင်းတို့အတွက် အသင်းအဖွဲ့တစ်ခုလျှင် ငွေကျပ် ၁၀ သိန်းစီနှင့် သစ်သီးခြင်းလက်ဆောင်များကို ထောက်ပံ့ပေးအပ်ကြရာ မြန်မာနိုင်ငံကချင်လူမျိုး ရိုးရာယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးဇော်မိုးနော်က လိုအပ်ချက်များနှင့် ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားစာပေယဉ်ကျေးမှု အသင်းအဖွဲ့များက စာပေ၊ ယဉ်ကျေးမှုထိန်းသိမ်းရေး ဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားဘာသာသင် ဆရာ/ ဆရာမများ ခန့်ထားရေးဆိုင်ရာကိစ္စရပ်များ ကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးက လိုအပ်ချက်များအပေါ် သက်ဆိုင်ရာ ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်တို့နှင့် ပေါင်းစပ် ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဌာန ဆိုင်ရာအကြီးအကဲများက မြစ်ကြီးနားလေတပ်စခန်း ဌာနချုပ်မှ တပ်မတော်လေယာဉ်ဖြင့် ပြန်လည် ထွက်ခွာကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ နှင့်တကွ ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအသင်း အဖွဲ့များက လိုက်ပါနှုတ်ဆက်ခဲ့ကြကြောင်း သိရ သည်။

**ပြည်နယ်(ပြန်/ဆက်)**

---

❖ *ရှေ့ဖုံးမှ*

ဦးစွာ ရောင်နီလာချိန် နံနက် ၆ နာရီ ခန့်တွင် ကရင်နှစ်သစ်ကူးနေ့ အလံတင် အခမ်းအနားကို ကျင်းပရာ တက်ရောက် လာကြသော ကရင်အမျိုးသားအပေါင်း နှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့က အလံတင်မည့်နေရာတွင် နေရာယူကြပြီး ကရင်လူငယ်များက ကရင်အမျိုးသား အလံကို သယ်ဆောင်လာကြကာ ကရင် နှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားကို ကရင်ရိုးရာကျွဲချိုမှုတ်ပြီး ဖားစည်တီးကာ ဖွင့်လှစ်သည်။

ထို့နောက် သဘာပတိ ကရင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့် က ကရင်အမျိုးသားအလံကို တိုင်ထိပ်သို့ လွှင့်ထူပေးရာ ကရင်အမျိုးသားအပေါင်း တို့က ကရင်အမျိုးသားသီချင်းကို စုပေါင်း သီဆိုကြပြီး ကရင်အမျိုးသားအလံအား အလေးပြုကြကာ ကရင်တိုင်းရင်းသား လူငယ်မောင်မယ်လေးများက ကရင် အမျိုးသားအလံတော် သမိုင်းကြောင်း အကျဉ်းကို (ပိုးကရင်၊ စကောကရင်၊ မြန်မာဘာသာ)တို့ဖြင့် ဖတ်ကြားသည်။

ယင်းနောက် ကရင်အမျိုးသားနှစ်သစ် ကူးနေ့အခမ်းအနားကို ဆက်လက် ကျင်းပရာ ကျွဲချိုမှုတ်၍ဖားစည်တီးကာ အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး အခမ်းအနား တက်ရောက်လာသော ကရင်အမျိုးသားအပေါင်းနှင့် တိုင်းရင်း သားပြည်သူများက နိုင်ငံတော်အလံ နှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေ စည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှပေးပို့သည့်သဝဏ်လွှာကို အခမ်းအနား အကြီးအမှူးသဘာပတိက ဖတ်ကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်တိုင်းရင်းသား ရေးရာဝန်ကြီး ဦးစန်းကိုက ဖတ်ကြား သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အနေဖြင့် ပြီးခဲ့သော သင်ခန်းစာများကို ယူပြီး တစ်ဦးနှင့်တစ်ဦး သံသယမထားဘဲ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တွဲလက်ညီညီဖြင့် ပူးပေါင်းပါဝင်ကြရန်၊



လျှောက်လှမ်းနေသည့် ငြိမ်းချမ်းရေး ခရီးလမ်းကို တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက တွဲလက်ခိုင်ခိုင် မြဲမြဲဖြင့် ဆက်လက်လျှောက်လှမ်းကြရန် လိုအပ်ကာ မိမိတို့အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားပြည်သူများ ငြိမ်းချမ်းစွာ နေထိုင်နိုင် ရန် လုံခြုံရေးနှင့်တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိ ကြောင်း နှစ်သစ်ကူးဆုမွန်ကောင်းစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်အဖွဲ့ဝင်များက ဂုဏ်ပြုခံ သက်ကြီး ကရင် အဘိုး၊ အဘွားများ အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ် သည်။

ဆက်လက်၍ ဖီးဗူးယော် (ရိုးရာ ကောက်သစ်စားပွဲတော်) ကို ဆက်လက် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ အမှတ်(၄) စစ်ဆင်ရေး အထူးအဖွဲ့မှူး၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီး ချုပ်၊ ပြည်နယ်ဝန်ကြီးချုပ်(ငြိမ်း) မြို့မိမြို့ဖ ဦးဇော်မင်း၊ ပြည်နယ်ပြည်သူ့ ကောင်စီဥက္ကဋ္ဌ (ငြိမ်း) မြို့မိမြို့ဖ ဦးစော အောင်ပွင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် များက ဖီးဗူးယော်ကောက်သစ်စားပွဲ အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ငြိမ်းချမ်းရေးချိုးငှက်များ ဘေးမဲ့လွှတ် ပေးခဲ့ကြသည်။

ထို့နောက် ကရင်လူမျိုးတို့၏ ရှေးခေတ် ထုံးတမ်းစဉ်လာများအတိုင်း ကောက်သစ် စားပွဲကို ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ်၊ အဖွဲ့ဝင်များနှင့် ကရင်အမျိုးသားအပေါင်း တို့က တည်ခင်းဧည့်ခံထားသော စားသောက်ဖွယ်ရာများကို အတူတကွ သုံးဆောင်၍ ကောက်သစ်စားပွဲတော်ကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြသည်။ **(ဝဲပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် နှင့်အဖွဲ့ဝင်များသည် ခင်းကျင်းပြသ ထားသော ကရင်တိုင်းရင်းသားလူမျိုး များ၏ ရိုးရာဓလေ့ယဉ်ကျေးမှုပြခန်း၊ ဗမာ၊ မွန်၊ ရှမ်းတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုပြခန်း၊ ဌာနဆိုင်ရာပြခန်းများ နှင့် MSMEs ပြခန်းများအား လှည့်လည် ကြည့်ရှုအားပေးခဲ့ကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

## သာစည်မြို့နယ်၌ ဥပ္ပါတသန္တိကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**သာစည် ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ဥပ္ပါတသန္တိကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၉ ရက်က အရပ်မျက်နှာသုံးနေရာတွင် စတင်ကျင်းပခဲ့ကြောင်း သိရသည်။ တောင်အရပ်ဖြစ်သော အမှတ်(၆) ရပ်ကွက် သာယာကုန်းကျောင်းတိုက်တွင်ပြုလုပ်သော ကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ၌ သာယာကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုညဓဇ အမှူးပြုသော ဆရာတော်သံဃာတော်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင် ဗိုလ်မှူးတေဇာမြင့်တို့က ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဝတ္ထုငွေများ ဆပ်ကပ်လှူဒါန်းသည်။ ထို့နောက် ဆရာတော်သံဃာတော်များက မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပြီး ဆရာတော်ဘဒ္ဒန္တပုညဓဇက ဥပ္ပါတသန္တိ ကျမ်းမြတ်ကို စတင်ရွတ်ဖတ်ပူဇော်သည်။

အလားတူ အရှေ့အရပ်ရှိ လှိုင်းတက်ကျေးရွာ ဘုရားကြီးပရိယတ္တိ စာသင်တိုက်တွင်လည်းကောင်း၊ မြောက်အရပ်ရှိ ဘွဲ့ခြားကျေးရွာအုပ်စု ဂုန်ညင်းနွယ်ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် လည်းကောင်း တစ်ချိန်တည်းရွတ်ဖတ်ပူဇော်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် ပြည်သူများ တက်ရောက်နာယူကြကာ ဆရာတော်သံဃာတော်များအား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆပ်ကပ်လှူဒါန်းပြီး ဥပ္ပါတသန္တိကျမ်းမြတ်ကို ကိုးရက်တိုင် ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြစ်ကြီးနားမြို့၌ (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာရရှိသူများ ဆုများအပ်နှင်းချီးမြှင့်ပွဲသို့ တက်ရောက်




နေပြည်တော် ဇန်နဝါရီ ၁၁

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ယနေ့မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာ ရရှိသူများ ဆုများအပ်နှင်းချီးမြှင့်ပွဲအခမ်းအနား တတိယနေ့သို့ တက်ရောက်သည်။**

အခမ်းအနားတွင် ဆုများချီးမြှင့်အပ်နှင်းရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်ကိုကိုက ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းနိုင်ရေး စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆုများကို ချီးမြှင့်အပ်နှင်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လူမှုရေးဆိုင်ရာ ထူးချွန်ဆု (ပထမအဆင့်)နှင့် ဒုတိယအဆင့်ရရှိသူများ၊ စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု (ဒုတိယအဆင့်) ရရှိသူများကိုလည်းကောင်း **(ယာပုံ)**၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာတို့က စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု(တတိယအဆင့်) ရရှိသူများကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက စီးပွားရေးဆိုင်ရာ ထူးချွန်ဆု (တတိယအဆင့်) ရရှိသူများနှင့် လူမှုရေးဆိုင်ရာထူးချွန်ဆု (တတိယအဆင့်) ရရှိသူများကိုလည်းကောင်း ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများကို ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က မှတ်တမ်းတင်ဂုဏ်ပြုမှတ်တမ်းလွှာရရှိသူများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများနှင့်အတူ အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံ စုပေါင်းရိုက်ကြသည်။

အဆိုပါ (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများကို ကချင်ပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ စွမ်းစွမ်းတမံ ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများအား ဥပဒေပါအတိုင်း စိစစ်ရွေးချယ်၍ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု(ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်) ရရှိသူဦးရေ စုစုပေါင်း ၁၃၅ ဦး၊ စီးပွားရေးဆိုင်ရာ ထူးချွန်ဆု (ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်) ရရှိသူဦးရေ စုစုပေါင်း ၂၉ ဦးတို့နှင့် လူမှုရေးဆိုင်ရာ ထူးချွန်ဆု (ပထမ၊ ဒုတိယနှင့် တတိယအဆင့်) ရရှိသူ ဦးရေ စုစုပေါင်း ၁၅၃ ဦးတို့နှင့် မှတ်တမ်းတင်ဂုဏ်ပြုမှတ်တမ်းလွှာရရှိသူ ၂၆၂ ဦး၊ အဆင့်မြင့်ပညာနှင့် အခြေခံပညာတို့မှ စာစီစာကုံးနှင့် ကဗျာဆုရ ၂၅ ဦး စုစုပေါင်းလူပုဂ္ဂိုလ်အဖွဲ့အစည်း ၆၀၄ ဦးတို့အား ဇန်နဝါရီ ၉ ရက်မှစတင်၍ ယနေ့အထိ သုံးရက်တာ အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်နန်ဆိုင်းနှင့်အတူ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်/ ခရိုင်/ မြို့နယ် အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့တက်ရောက်သည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က မိမိတို့နိုင်ငံ၏ လူဦးရေ၏ ထက်ဝက်သည် အမျိုးသမီးများဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ သို့ရာတွင် မိမိတို့အမျိုးသမီးများ၏ စွမ်းဆောင်ရည်နှင့် စိတ်ဓာတ်မြင့်မားလာစေရေးကို လေ့ကျင့်ပျိုးထောင်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးသည် မိမိတို့အမျိုးသမီးနှင့် မသက်ဆိုင်သည့်ကိစ္စဟု မမှတ်ယူဘဲ စဉ်ဆက်မပြတ်လေ့လာပြီး ပိုမိုကောင်းမွန်သည့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်နယ်အတွင်းရှိ အမျိုးသမီးများ ဘဝမြှင့်တင်ရေး၊ ဝင်ငွေတိုးပွားရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးအတွက် ယနေ့တက်ရောက်လာကြသည့် အဖွဲ့ဝင်များအနေဖြင့် လက်တွဲခေါ်ဆောင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိအနေဖြင့် အမျိုးသမီးတစ်ဦးဖြစ်သကဲ့သို့ မိမိတို့ကဲ့သို့ အနာဂတ်အမျိုးသမီးများဘဝ မြင့်မားရေး၊ စိတ်ဓာတ်၊ စွမ်းရည်ပြည့်ဝပြီး အိမ်ထောင်တာဝန်ကျေပွန်သည့် မိခင်ကောင်းများ ပေါ်ထွန်းလာစေရေးကို စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးသွားရမည်ဖြစ်ပါကြောင်း တိုက်တွန်းအားပေးပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယကက ကျေးဇူးတင်စကားပြောကြားပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်မော်က ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်က လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ လှုပ်ရှားမှုများကို စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်နယ်အစိုးရအဖွဲ့က လူမှုထူးချွန်ဆု ချီးမြှင့်ခဲ့ရသည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်သုံးဦးတို့က ဂုဏ်ပြုပန်းစည်းပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသည့် အဖွဲ့ဝင်များနှင့်အတူ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံပြခန်းငယ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြကာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံးများ အကြီးစားပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ပွဲတော်အခမ်းအနားသို့ တက်ရောက်

**ပဲခူး ဇန်နဝါရီ ၁၁**

ပဲခူးမြို့နယ် သရက်ကုန်းကျေးရွာ၌ ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ ပွဲတော်အခမ်းအနား ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်ပေးသည်။



ရှေးဦးစွာ ဖားစည် ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံတို့အား အလံတိုင်ထိပ်သို့လွှင့်ထူကာ အခမ်းအနား တက်ရောက် လာကြသူများက အလေးပြုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကရင်အမျိုးသား နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ညောင်အင်းကျေးရွာ ဒုံးအဖွဲ့က “စည်းလုံးချင်းသည်အင်အား” သီချင်းဖြင့် လည်းကောင်း၊ သရက်ကုန်းကျေးရွာဒုံးအဖွဲ့က “နှစ်ဦးပန်းများ မွှေးပါစေ” သီချင်း၊ “လေလေ” ဒုံးအကဖြင့်လည်းကောင်း ကပြဖျော်ဖြေ တင်ဆက်ခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးက ကပြဖျော်ဖြေခဲ့ကြသည့် ဒုံးယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး **(အပေါ်ပုံ)** ပဲခူးမြို့နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဧည့်သည်တော်များအား ကရင်တိုင်းရင်းသားရိုးရာအစားအစာများဖြင့် တည်ခင်း ဧည့်ခံခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လှည်းကူးမြို့နယ်၌ စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များတွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် (ခရိုင်တာဝန်ခံ)နှင့် လှည်းကူးမြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက လှည်းကူးခရိုင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးစာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး) က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိမ့်၊ စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီရုံးအဖွဲ့မှူး ဦးဝင်းသိန်း၊ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညွန့်၊ မြို့နယ်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့တို့က မြို့နယ်အတွင်း စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ ပွင့်လင်းရာသီတွင် စာကြည့်တိုက်များ ပြုပြင်နိုင်ရေး၊ စံ (၅)ချက်နှင့်ကိုက်ညီသည့် စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး လိုအပ်ချက်များကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် တိုင်းကော်မတီဝင်က တင်ပြချက်များအပေါ် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆွေးနွေးကာ မြို့နယ်စာကြည့်တိုက်များ စာရင်းတွင်ပါရှိသည့် ဒရယ်ဘိုကျေးရွာ ပညာအလင်း၊ ကပျဉ်းရိုးကျေးရွာ ပညာ့အလင်းနှင့် ကျွန်းကလေးကျေးရွာ ဘဝအလင်းအိမ် စာကြည့်တိုက်များသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

❒ ***ရွှေဖုံးမှ***

ရိုးရာရက်ကန်းရက်လုပ်ခြင်းပြခန်းများ၊ စိုက်ပျိုးရေးဦးစီးဌာနပြခန်းများ၊ အားကစားပြိုင်ပွဲများ၊ ရိုးရာယဉ်ကျေးမှုပြခန်းများ၊ အကများ၊ ရိုးရာဝတ်စားဆင်ယင်မှုပြသခြင်းများ စသည်ဖြင့် ရိုးရာနှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပွဲတော်ကျင်းပရေး ကော်မတီနာယက ဦးရှီးသီးထံမှ သိရသည်။ အဆိုပါ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **လေရှီး(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် (၈၆)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနား၊ မြောင်းမြမြို့ မြစိမ်းရောင်တောင်တော်၌ ကရင်နှစ်သစ်ကူးနေ့တွင် ကျင်းပသည့် "ထူးချင်ဖူးစမ်း မြစိမ်းရောင်ပြခန်း"တက်ရောက်ဖွင့်လှစ်၍ (၈၆)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် တက်ရောက်

ပုသိမ် ဇန်နဝါရီ ၁၁

ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ် (၈၆)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားကို ယနေ့ နံနက် ၅ နာရီက ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မြစိမ်းရောင်တောင်တော်ပေါ်တွင် စည်ကားသိုက်မြိုက်စွာကျင်းပသည်။ အခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဖားစည်ကိုးချက်တီးကာ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌက ကရင်အလံတော်အား ကရင်အမျိုးသားသီချင်းဖြင့် လွှင့်ထူသည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံတော်အား အလေးပြုခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ဧည့်ပရိသတ်များကို နှုတ်ခွန်းဆက်စကားပြောကြားပြီး ကရင်ဒုံးယိမ်းအကများဖြင့် ကပြဖျော်ဖြေသည်။

ယင်းနောက် မြစိမ်းရောင်တောင်တော်၌ ကျင်းပသည့် "ထူးချင်ဖူးစမ်း မြစိမ်းရောင်ပြခန်း"ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါတောင်တော်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြခန်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြခန်းအလှူရှင်များနှင့်အတူ ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ (ယာပုံ)

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် တာဝန်ရှိသူများနှင့်အတူ ကရင်ရိုးရာ ယဉ်ကျေးမှုပြခန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(မြောင်းမြ)ပြခန်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပြခန်း၊ ဝါးခယ်မ၊ အိမ်မဲ၊ မြောင်းမြမြို့နယ် ပြခန်း၊ မြောင်းမြခရိုင် ဆန်စက်လုပ်ငန်းရှင်များပြခန်း၊ မြစိမ်းရောင်တောင်တော်သို့ ဒေသခံများမှ လာရောက်လှူဒါန်းစုဆောင်းထားသော ကြေးထည်ပစ္စည်းများနှင့် အသုံးအဆောင်များ၊ ငွေထည်ပစ္စည်းများနှင့် အသုံးအဆောင်များ၊ ဘုရားစေတီများ၊ ငွေဖလားနှင့် အသုံးအဆောင်ပစ္စည်းများ၊ ရှေးဟောင်းဘုရားများနှင့် ရှေးဟောင်းကျောက်များအား လှည့်လည်ကြည့်ရှုသည်။ (အောက်ပုံ)

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် တာဝန်ရှိသူများနှင့်အတူ ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်သည့် မြစိမ်းရောင်သာသနာ့နယ်မြေ ကွန်ကရစ်လမ်းသစ်များနှင့် ဂဝံလမ်းသစ်ဖွင့်ပွဲအခမ်းအနား တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းသစ်များနှင့် ဂဝံလမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယနေ့ဖွင့်လှစ်သည့် လမ်းသည် ကွန်ကရစ်လမ်း ၁ မိုင် ၄ ဒသမ ၁၇ ဖာလုံ၊ ကတ္တရာလမ်းအတိုင်းအတာအားဖြင့် ၃ ဒသမ ၅ ဖာလုံနှင့် ဂဝံလမ်း ၄ ဒသမ၀ ၁ ဖာလုံ စုစုပေါင်း အတိုင်းအတာ ၂ မိုင် ၄ ဒသမ ၂၂ ဖာလုံအား နှစ်နှစ်တာကာလအတွင်း အလှူရှင်များက ထည့်ဝင်လှူဒါန်းပြီး ကိုယ်ထူကိုယ်ထ ဖောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ် (၈၆) နှစ်မြောက် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြစိမ်းရောင်တောင်တော်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဖားစည်ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး ကရင်ရိုးရာယဉ်ကျေးမှုဒုံးအဖွဲ့က ဂုဏ်ပြုကပြဖျော်ဖြေသည်။ ဆက်လက်၍ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးစံပြ တိုင်းဒေသကြီးဖြစ်စေရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများလည်း အောင်မြင်တိုးတက်စေရေး အားလုံးချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း နှစ်သစ်နှုတ်ခွန်းဆက်စကားများပြောကြားပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဆက်လက်၍ နှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

ဆက်လက်၍ ၎င်းအိုင်ဆရာတော် ဘဒ္ဒန္တသေဋ္ဌိလနှင့် ကက်သလစ်သာသနာ ဘုန်းတော်ကြီး ဖာသာရ်ဝီးလ်ဖရက် မန်းမြင့်စိုးတို့က နှစ်သစ်နှုတ်ခွန်းဆက်စကားများ ပြောကြား၍ ဆုတောင်းမေတ္တာများ ပို့သခဲ့ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ပေးပို့သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့သဝဏ်လွှာအား ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ဖတ်ကြားကာ တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌက ကရင်နှစ်သစ်ကူးနေ့အကြောင်း သိကောင်းစရာများနှင့် ကျေးဇူးတင်စကားများ ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ကရင်တိုင်းရင်းသားလူငယ်များက ကရင်နှစ်သစ်ကူးသီချင်း ဂုဏ်ပြုသီဆိုမှုကို ကြည့်ရှုအားပေးပြီး ဖျော်ဖြေရေးအဖွဲ့များအတွက် ဂုဏ်ပြုငွေချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**







ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်နေ့တွင် ကျရောက်သည့် (၈၆)နှစ်မြောက် ကရင်နှစ်သစ်ကူးပွဲတော်ကို မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိကရင်အမျိုးသားသာသနာ့ဗိမာန်တော်၌ ဇန်နဝါရီ ၁၁ ရက်က မြို့နယ်အဆင့်အနေဖြင့် ကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)

မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ(၄) ရပ်ကွက်ရှိ ဂျုံးဂျုံးဂျတောရ ပရိယတ္တိစာသင်တိုက်၌(၈၆)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ် အလံတင်အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက်က ကျင်းပစဉ်။ သားငယ် (ပြန်/ဆက်)





ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကွမ်ဘီကျေးရွာ၌ ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့တွင် ကျရောက်သည့် ကရင်နှစ်သစ်ကူးနေ့ထူးနေ့မြတ်အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက်က ကျင်းပစဉ်။ စောဖိုးခွါး(ပြန်/ဆက်)

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၁**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာရှိ နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ ဆောင်ရွက်သည့် နေပြည်တော် အုတ်စက်ရုံသို့ သွားရောက်၍ စက်ရုံအတွင်း အုတ်များထုတ်လုပ်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက အုတ်အရည်အသွေး စံချိန်စံညွှန်းများ ပြည့်မီအောင် အလေးအနက်ထား ထုတ်လုပ်ရန်၊ ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုတိုးတက်အောင်ဆောင်ရွက်ရန်၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး ဂရုပြုရန်နှင့်လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဥတ္တရသီရိမြို့နယ်ဇလောင်းကျေးရွာအုပ်စု ပျဉ်းမနား- တောင်ညိုလမ်းဘေးရှိ ကွင်းအမှတ် (၁၈၈၀)တွင် နွေစပါး စိုက်ပျိုးရန် ဆည်ရေရရှိမှု၊ ဆင်လူးငန်းစပ်ဆည်မှ စိုက်ပျိုးရေပေးဝေမှုနှင့် တောင်သူများ စီတာအစေ့ချစိုက်ပျိုးနည်းစနစ်ဖြင့် နွေစပါးစိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများက လက်ရှိစိုက်ပျိုးထားသည့် သီးနှံများ၏ အခြေအနေများနှင့် ယခင်ထွက်ရှိသည့် ထွက်နှုန်းများကို တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စပါးအပါအဝင် ဆီထွက်သီးနှံများ၊ ဆောင်းသီးနှံများ၊ နွေသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းစသည့်နည်းစနစ်များကို လစ်ဟာမှုမရှိ စနစ်တကျ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြေများကို လုပ်ထားခြင်းမပြုရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးကြစေလိုကြောင်းနှင့် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဉာဏအောင်မြေလမ်း တံတားနှစ်စင်းချဉ်းကပ်လမ်းပေါ်ရှိ ကွန်ကရစ်လမ်းသားပျက်စီးမှုကို ကျောက်ကတ္တရာခင်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ Diplomatic Zone Development Project ဆောင်ရွက်မည့် မြေနေရာနှင့် သဒ္ဓမ္မဝေပုလ္လ ပရိယတ္တိစာသင်တိုက် တည်ဆောက်မည့်မြေနေရာ၊ ဒက္ခိဏသီရိမြို့နယ် အတွင်းရှိ မြတ်မင်္ဂလာလမ်းနှင့် မာရဝိဇယဘုရား အဝင်လမ်းဆုံနေရာတွင် ကားပါကင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတောင်ဘက်တပေါင်းကွင်းအတွင်း (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများနှင့် ပတ်သက်၍ One Region One Product ထုတ်ကုန်များ အပါအဝင် ပြည်ပကိုတင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်နှင့် ရိုးရာအစားအစာ ခင်းကျင်းပြသရောင်းချနိုင်ရေးအတွက် ဆိုင်ခန်းများတည်ဆောက်မည့် နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့၌ (၇၆)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ယနေ့ကျရောက်သည့် (၇၆)နှစ်မြောက် ကရင်နှစ် ၂၇၆၃ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ရှေးဦးစွာ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနားကို ပြည်ထောင်စုခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ငွေး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ငွေး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်နှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးတို့က ဖားစည်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့် က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မိမိတို့ကရင်လူမျိုးများသည် ခေတ်အဆက်ဆက် အမြတ်တနိုးတန်ဖိုးထားကြသည့် ကရင်ရိုးရာယဉ်ကျေးမှုအမွေအနှစ်များဖြစ်သော ကရင်လူမျိုးတို့၏ ဘာသာစကား၊ စာပေ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို "မျိုးချစ်စိတ်ဓာတ်"ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြပါ၊ ကရင်လူမျိုးတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီအစ်ကိုတိုင်းရင်းသားများနှင့် အတူတကွ လက်တွဲစောင့်ရှောက်၍ "ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး" ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ကြိုးပမ်းတည်ဆောက်ကြပါဟု တိုက်တွန်းနှိုးဆော်ရင်း နှစ်သစ်ကူးနေ့မှ တစ်နှစ်တာပတ်လုံး လုပ်ငန်းတိုင်း စီးပွားရေးအဆင်ပြေကြပြီး ဘေးဒုက္ခအပေါင်း ကင်းဝေးပါစေကြောင်း ပြောကြားသည်။ (ဝဲပုံ)

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး က ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ကရင်နှစ်သစ်ကူးနေ့တွင် တိုင်းရင်းသားကျေးရွာ ပြည်ထောင်စုခန်းမ၌ ကရင်ရိုးရာပျားဖွပ်ပြိုင်ပွဲ၊ ကရင်ရိုးရာတေးသီချင်းနှင့်ဒုံးအကများ၊ ပြည်ထောင်စုခန်းမအနီး ပေ ၄၀၀ ကွင်း၌ ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ဘောလုံးကွင်းဟောင်းတွင် DJ အကနှင့် စတိတ်ရှိုးတို့ဖြင့် ဖျော်ဖြေခဲ့ရာ ကရင်တိုင်းရင်းသားများနှင့် အများပြည်သူတို့ဖြင့် စည်ကားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တန်ဖိုးနည်းထမင်း၊ ဟင်းများကို ရောင်းချပေးခဲ့သည့်နည်းတူ တိုင်းရင်းသားရေးရာဝန်ကြီး ဦးဆောင်သော တိုင်းဒေသကြီး ကရင်နှစ်သစ်ကူးကျင်းပရေးကော်မတီက ကရင်ရိုးရာ ထမင်း၊ ဟင်းများဖြင့် ကျွေးမွေးခဲ့ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ- ကနူး**



ရော၀တီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျုံဒရယ်ကျေးရွာအုပ်စုရှိ ၁၀၈ တောင်ဂမုန်းပေါင်းစေတီကျောင်းတိုက်၌ ၂၇၆၃ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်နေ့တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။ ကျော်ဇင်စိုး(ပြန်/ဆက်)

ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့၌ ကျရောက်သည့် (၇၆) နှစ်မြောက် ကရင်နှစ်သစ်ကူးပွဲတော်ကို မွန်ပြည်နယ် ပေါင်မြို့နယ် မုကျိုကျေးရွာရှိမုကျိုတိုက်ကျောင်းဘုန်းတော်ကြီးကျောင်းတွင် ဇန်နဝါရီ ၁၁ ရက်က ကျင်းပစဉ်။ မွန်မလေး(ပြန်/ဆက်)



# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကျောက်ပန်းတောင်းမြို့တွင် သာသနာရေးဆိုင်ရာများဆောင်ရွက်၍ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ




**နေပြည်တော် ဇန်နဝါရီ ၁၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့ မြို့ဦးအောင်စေတီဓမ္မာရုံ၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ တိုင်းဒေသကြီး သံဃနာယက ဆရာတော်နှင့် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး ကျောက်ပန်းတောင်းမြို့ စိတ္တပါလဂူစာသင်တိုက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဇဋိလထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ဆရာတော်ထံမှ ဩဝါဒခံယူကာ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ပြည်ထောင်စု ဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဆရာတော် အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ၊ ဥပ္ပါတသန္တိကျမ်းစာအုပ်များ၊ ဂီရိမာနန္ဒကျမ်းစာအုပ်များကို ဆက်ကပ်လှူဒါန်းပြီး စိတ္တပါလဂူစာသင်တိုက်၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမနဓဇထံမှ ရေစက်ချတရားနာယူကြည်ညိုကြသည်။

ဆက်လက်၍ နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်တွင် အနေကဇာတင် ပူဇော်ပြီးသော ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၁၀၀၈ ဆူနှင့် ဥပ္ပါတသန္တိကျမ်းစာအုပ်များကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကျောက်ပန်းတောင်းမြို့နယ်ရှိ အများပြည်သူများ ကိုးကွယ် ပူဇော်နိုင်ရန်အတွက် ကျောက်ပန်းတောင်းတပ်နယ်မှူး ဗိုလ်မှူးကြီး အောင်ဇော်မိုးနှင့် မြို့မိမြို့ဖများထံ လှူဒါန်းသည်။

ယင်းနောက် ကျောက်ပန်းတောင်းမြို့နယ် ကုန်းတော်ကြီး မင်္ဂလာစေတီ၌ အသံမစဲ ဥပ္ပါတသန္တိကျမ်းမြတ် ရွတ်ဆိုပူဇော်နေမှုကို သွားရောက်ကြည်ညိုနာယူခဲ့ပြီး မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မြတ်ရွှေဂူစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုဇာတ အရှင်သူမြတ်နှင့် မြို့နယ်သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တကလျာဏက အရှင်သူမြတ်တို့အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကျောက်ပန်းတောင်းမြို့အတွက် တည်ဆောက်လျက်ရှိသည့် မြို့တော်ခန်းမနေရာသို့ ဝင်ရောက်ကြည့်ရှုရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက မြို့တော်ခန်းမ တည်ဆောက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ပြည်ထောင်စုဝန်ကြီးက ကျောက်ပန်းတောင်းမြို့အတွက် အကျိုးရှိသော မြို့တော်ခန်းမဖြစ်သည့်အတွက် အရည်အသွေး၊ စံချိန်စံညွှန်း ကောင်းမွန်စွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်သွားရန် မှာကြားသည်။

ယင်းနောက် ကျောက်ပန်းတောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကာဝါမြေခန်းမတွင် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်နှင့် ဘာသာရေးဆိုင်ရာဓလေ့ထုံးစံများကို အလေးထားစေရေး မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် နန်ပေါင်လေယာဉ်ကွင်း ရှောင်ကွင်းလမ်းနှင့် ရွှေဘို-မြစ်ကြီးနားလမ်းအပိုင်း ၂၂ မိုင် ၆ ဖာလုံ ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ယမန်နေ့က ကချင်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် ကချင်ပြည်နယ်အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် တည်ဆောက်ရေး အထူးအဖွဲ့များတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကချင်ပြည်နယ်အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများ အပါအဝင် အရာထမ်း/ အမှုထမ်းများနှင့် အဆင့်ဆင့်သော တာဝန်ခံများအနေဖြင့် မိမိတို့ ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ မိမိတို့ဝန်ကြီးဌာနသည် ပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတာဝန်ယူ ဆောင်ရွက်ရသဖြင့် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရာ၌ ဝန်ကြီးဌာန၏ ပုံရိပ်ကို ထိခိုက်စေသော လုပ်ကိုင်ဆောင်ရွက်မှုများကို အလေးထားရှောင်ကြဉ်ရမည်ဖြစ်ပါကြောင်း။

တည်ဆောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရေး သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုအချိန်သည် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းများအား Work Schedule များ ရေးဆွဲပြီး တွန်းအားပေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းပြီးစီးမှုနှင့် ငွေကြေးသုံးစွဲမှု ဟန်ချက်ညီစေရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ရန် လိုအပ်ပြီး နိုင်ငံ့ဘဏ္ဍာရန်ပုံငွေ လေလွင့်ဆုံးရှုံးမှု မရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်တို့က ကြပ်မတ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားကာ ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် လမ်းဦးစီးဌာနမှ အရှည် ၈ မိုင် ၃ ဖာလုံ နန်ပေါင်လေယာဉ်ကွင်း ရှောင်ကွင်းလမ်း ဆောင်ရွက်ထားရှိမှုနှင့် ရွှေဘို-မြစ်ကြီးနားလမ်းအပိုင်း ၂၂ မိုင် ၆ ဖာလုံ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ကချင်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးတင်မောင်အုန်းက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် လုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လမ်းအင်္ဂါရပ်နှင့်အညီ အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ရန်၊ သတ်မှတ်လမ်းအကျယ်နှင့် လမ်းနယ်ရရှိရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းညွှန်များ၊ လမ်းအမှတ်အသားများ၊ လမ်းအချက်ပြများအား ရေးဆွဲခြင်း၊ စိုက်ထူခြင်းများကို သတ်မှတ်ထားသည့်အတိုင်း တစ်ပုံစံတည်းဖြစ်အောင် စနစ်တကျ ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မကွေး)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်လျက်ရှိသည့် ဒုတိယနှစ် သင်တန်းသား သင်တန်းသူ ၇၃ ဦးသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာထွန်းနှင့် တာဝန်ရှိသူများ ဦးဆောင်၍ အဖွဲ့ငါးဖွဲ့ ဖွဲ့ကာ မကွေး၊ မင်းဘူး၊ မင်းလှ စသည့် သမဝါယမအသင်းသုံးသင်းနှင့် ကုမ္ပဏီနှစ်ခုသို့ သွားရောက်၍ လက်တွေ့စာရင်းရေးသွင်းခြင်းကို ဇန်နဝါရီ ၅ ရက်က ဆောင်ရွက်စဉ်။ အောင်ကို(ပြန်/ဆက်)

# မလှိုင်မြို့၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကျင်းပ

**မလှိုင် ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ ရက်က အခြေခံပညာအထက်တန်းကျောင်း (မလှိုင်) ရောဝတီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းထက်က အမှာစကားပြောကြားသည်။ ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်းများတွင် စံပြကျောင်းအုပ်ကြီးနှင့် စံပြကျောင်းဆုရရှိသည့် အထက(မလှိုင်)၊ အထက(ပန်းအိုင်) ကျောင်းအုပ် ဆရာမကြီး၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နိုင်ငံတော်အဆင့်တွင်ရွှေတံဆိပ်ဆုရရှိခဲ့သူ နှစ်ဦးနှင့် တိုင်းဒေသကြီးအဆင့်တွင် ဆုရရှိခဲ့သူလေးဦးအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းထက်က ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)



မြထွန်း(မလှိုင်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများ ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၁၁**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားကွင်း/အားကစားရုံများတွင် ကျင်းပလျက်ရှိသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။





ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့အားကစားခန်းမ၌ ကျင်းပလျက်ရှိသည့် တက္ကသိုလ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှု၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပလျက်ရှိသည့် တက္ကသိုလ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှု **(အပေါ်ယာပုံ)**၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပလျက်ရှိသည့် တက္ကသိုလ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပလျက်ရှိသည့် ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲတွင် (အမျိုးသား/အမျိုးသမီး)ဝိတ်တန်းအလိုက် အတိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ (ဘောလုံး၊ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်နှင့် ပြေးခုန်ပစ်) အားကစားပြိုင်ပွဲများကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၁၈ ရက်အထိ အားကစားနည်း ငါးနည်းဖြင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားကွင်း/အားကစားရုံများ၌လည်းကောင်း၊ ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌လည်းကောင်း ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းသိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဇန်နဝါရီ ၁၄ ရက်တွင် ၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ကျင်းပရေး စီစဉ်ဆောင်ရွက်နေ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဇန်နဝါရီ ၁၄ ရက်တွင် ကျင်းပမည့် ၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ကျင်းပရေး စီစဉ် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု အားပေးသည်။ **(အောက်ဝဲပုံ)**



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က အခမ်းအနားအစီအစဉ်များနှင့် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ပံ့ပိုးမှုဖြင့် ကျင်းပမည့် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကို ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး၊ ပညာပေးပြခန်းများကို ပြည့်စုံစွာ ခင်းကျင်းပြသ ရှင်းလင်းနိုင်ရေး မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ခရိုင်၊ မြို့နယ်အလိုက်ပြသမည့် ပညာရေးပြခန်းများ၊ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးကျောင်းပြခန်းများ၊ စာအုပ်အရောင်းပြခန်းများ ပြင်ဆင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

ပညာရေး စုံညီပွဲတော်တွင် ခရိုင်၊ မြို့နယ်အလိုက် ပညာရေးပြခန်းများ ခင်းကျင်းပြသမည်ဖြစ်ရာ ပန်းဆယ်မျိုးနှင့် ကျောင်းကျန်းမာရေးပြခန်း၊ မူးယစ်ဆေးဝါးအသိပညာပေးပြခန်း၊ ICT Project ပြခန်း၊ ပန်းချီ၊ ပန်းပုပြခန်း၊ အိမ်တွင်းမှုလက်မှုပညာပြခန်း၊ ဘာသာရပ်ဆိုင်ရာသင်ထောက်ကူပစ္စည်းများ ပြခန်း၊ စက်မှုအထူးပြုပြခန်း၊ မွေးမြူရေးအထူးပြုပြခန်း၊ ကျောင်းကျန်းမာရေး၊ အနုပညာ(ဂီတ)၊ ကျောင်းစာကြည့်တိုက်ပြခန်း၊ ရေအားလျှပ်စစ်၊ မြန်မာစာ၊ ဒြပ်နှောခွဲထုတ်ခြင်းပြခန်း၊ အိမ်တွင်းလက်မှုလုပ်ငန်း၊ သိပ္ပံလက်တွေ့ခန်း၊ ကျောင်းပြင်ပပညာရေးပြခန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပြခန်း၊ ဒေသထွက်လုပ်ငန်းပြခန်းနှင့် ပညာတန်ဆောင်ပြခန်းများ ပါဝင်ပြီး စုစုပေါင်း ၃၈ ခန်း ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သနပ်ပင်မြို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

**သနပ်ပင် ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းကို ယမန်နေ့က မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး ခိုင်လွင်ထူးက အမှာစကားပြောကြားပြီး ပဲခူးခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားမှူး ဒေါ်ထက်ထက်ခိုင်က အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဘောလုံးပြိုင်ပွဲကို ကျင်းပရာ ကျိုက်ပဒိုင်ကြီးအသင်းနှင့်စက်ကုန်းပိုင်းအသင်းတို့ယှဉ်ပြိုင်ကစားရာ ကျိုက်ပဒိုင်ကြီးအသင်းက စက်ကုန်းပိုင်းအသင်းအား နှစ်ဂိုး ဂိုးမရှိဖြစ် အနိုင်ရရှိခဲ့သည်။ အဆိုပါ အသက် (၂၅) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ရပ်ကွက်/ကျေးရွာပေါင်းစုံမှ ပြိုင်ပွဲဝင် ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **လှမိုး(ပြန်/ဆက်)**

## သာစည်မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**သာစည် ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရန် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၁၁ ရက်က လှိုင်းတက်ကျေးရွာအုပ်စု မယ်ဇလီကန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးတေဇာမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းက ဦးဆောင်၍ လူငယ်စကားဝိုင်းကို စတင်ရာ Grade-9 မှ ကျောင်းသားကျောင်းသူငါးဦးက လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် မူးယစ်ဆေး ခေါင်းစဉ်များဖြင့် တစ်ဦးချင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**



**မြို့နယ်(ပြန်/ဆက်)**

## ကန့်ဘလူမြို့၌ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ

**ကန့်ဘလူ ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က ကန့်ဘလူမြို့ အမှတ် (၂) ရပ်ကွက်ရှိ ဆု ကိုယ်ပိုင်အထက်တန်းကျောင်း ဖူဆယ်ဘောလုံးကွင်း၌ ကျင်းပသည်။

ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဆုအသင်းနှင့် ခိုင်တော်ဝင်အသင်းတို့ ယှဉ်ပြိုင်ရာ ခိုင်တော်ဝင်အသင်းက ခြောက်ဂိုး လေးဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယဆုရ ဆုအသင်းကို ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်အားကစားမှူး ဒေါ်ငွေဆွေတာရာကလည်းကောင်း၊ ပထမဆုရ ခိုင်တော်ဝင်အသင်းအား အမှတ်( ၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်ဦးကလည်းကောင်း တံခွန်စိုက်ဒိုင်းဆု၊ ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲကို ခရိုင်အတွင်းရှိ လူငယ်လူရွယ်များ၊ ကျောင်းသားကျောင်းသူများ အားကစားကိုလေ့ကျင့်လိုက်စားလာစေရန်၊ ရွက်ပုန်းသီးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ဆု ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်သူ ဦးဟန်လင်းအောင်က ဦးစီးဦးဆောင်ပြုကာ ပြိုင်ပွဲကို ဇန်နဝါရီ ၆ ရက်က စတင်ကျင်းပခဲ့ပြီး ဘောလုံးအသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# နတ်တော်လ စာအလင်္ကာများ

မောင်လူမွေး(မြန်မာမှု)

**မြန်မာ့တစ်ဆယ့်နှစ်လရာသီလများအနက် နတ်တော်လရာသီပွဲသည် ကဆုန်၊ ဝါဆို၊ သီတင်းကျွတ်လများကဲ့သို့ ဗုဒ္ဓဘာသာနှင့်ဆက်စပ်သော ပွဲတော်မဟုတ်ပေ။ နတ်ပူဇော်ပွဲကို အကြောင်းပြု၍ “နတ်တော်လ” ဝေါဟာရအတိုင်းပင် “နတ်ပွဲ” သဘင်သည် အဓိကဖြစ်ပေသည်။**

- ❖ **ရာသီဘွဲ့များဖွဲ့ဆိုရာ၌ ထိုလရာသီ ပွင့်သီကြသည့် ပန်းအမျိုးအစားသည်လည်း အချက်အလက်အနေဖြင့် ပါဝင်လေပေသည်။ နတ်တော်လ၏ရာသီပန်းမှာ သဇင်ပန်း ဖြစ်ပေသည်။ “သည်ဆောင်းဟေမန်၊ မြောက်ယံလေညင်း…” အစချီတေးဘွဲ့သီချင်း (သီချင်းကြီး) မှာ သဇင်ပန်းဖွဲ့ ဖြစ်လေသည်**
- ❖ **နတ်တော်လဘွဲ့ ခွန်းတောက်မှ နတ်တော် လေးကိုင်စွဲသည့် ဓနုရာသီ၊ ဟင်္သာတာရာ မိဂသီနက္ခတ်နှင့် စန်းယှဉ်ခြင်း ရာသီသဇင်ပန်းနှင့် ဂမုန်းအင်တို့ ပွင့်ဝေသည့် ချမ်းအေးသောကာလ တစ်ကိုယ်တည်းနေသူအဖို့ လွမ်းမောတမ်းတရပုံကို ရေးဖွဲ့ထားလေသည်။ ခက်ခဲသော ဝေါဟာရပဟေဠိ အသိရခက်သော အနက်အဓိပ္ပာယ်များမပါရှိဘဲ သာမန်သိနိုင်သော နတ်တော်လဘွဲ့ကို စာဆိုက ရေးဖွဲ့ထားလေသည်**

### ပုပ္ပားနတ်တောင်လင်္ကာသည် ရှေးအကျဆုံးဖြစ်

နတ်တော်လနှင့်ပတ်သက်၍ စာအလင်္ကာများ ဖွဲ့ဆိုရာတွင်- ပုပ္ပားနတ်တောင်လင်္ကာသည် ရှေးအကျဆုံးဖြစ်သည်။ “သိုးကလေ…” အစချီ ပုပ္ပားနတ်တောင်လင်္ကာဘွဲ့ကို အများသိရှိကြလေသည်။ ကျောင်းသင်ခန်းစာအနေဖြင့် ပါဝင်၍လည်း မြန်မာ့နယ်ပယ်၌ အသိများကြလေသည်။ ပုပ္ပားနတ်တောင်လင်္ကာဘွဲ့ နောက် ပုပ္ပားမဟာဂီရိ နတ်ချင်းပေါ်လာပေသည်။ အောက်ပါအတိုင်းဖြစ်သည်။

“ပုပ္ပားသည် ရွှေတောင်တည့်လေ၊ ရွှေတောင်ပတ်လုံး၊ စံကားပင်နှင့် ပန်းပင်ဖုံး၊ တောလုံးရနံ့ကြိုင်စွလေ။”

“ပုပ္ပားတောင်တွင် နတ်ရှင်နှစ်ပါး၊ ရွှင်စံစား၊ ဘုံခြားဗိမာန်မြိုင်စွလေ၊ လှိုင်စွလေ၊ လှိုင်စွလေ၊ လှိုင်စွစံကား၊ တောင်ပုပ္ပား၊ စံကားပျံ့ကြိုင်မျှ၊ ပန်းလှိုင်စွလေ။”

“မောင်တော်ရေထက်၊ မယ်မုတ်ရေ၊ ဆယ်လေးသာစွလေ။ ဗိမာန်နန်းမှာ၊ ထီးစကြာ၊ ဖြန့်ကာအုပ်မိုးကာစွလေ။”

ဤစာအလင်္ကာမှာ စာဆိုသူမထင်ရှားပေ။ နောက်ပိုင်းတွင် ဝန်ကြီးပဒေသရာဇာသည် **“မဟာဂီရိ၊ ခေါ်ညီဖော်ပြ၊ နှမနဲ့မောင်၊ ဘုန်းခေါင်ဒေဝါ၊ ငါနတ်လာပြီ…”** အစချီသော နတ်ချင်းတစ်ပုဒ်နှင့် **“ခမောက်ကယ်မှ စိန်တောင်လေ၊ ရွှေညာဖျားက၊ မြစ်နားသူမောင်၊ ဆောင်းတော်မူသည့်၊ သပြေရောင်လဲ၊ ဖွဲ့ခေါင်ရယ်ကြေ့ရွှန်း….”** အစချီသော နတ်ချင်းတစ်ပုဒ် ပေါင်းနှစ်ပုဒ်ကို ရေးဖွဲ့ခဲ့လေသည်။

မြဝတီမင်းကြီးဦးစက **“ခါးစည်းငယ်မှဝေသီလေ၊ ကြေ့ရှာလွန်းသည်၊ တစ်ကျွန်းတင့်နိုး၊ ဆင်ပုဆိုးမှာ….”** အစချီသော မဟာဂီရိ နတ်သံကို ရေးဖွဲ့ခဲ့လေသည်။ ရေးသူအမည်မသိ ခေတ်ဟောင်း ခေတ်သစ် မဟာဂီရိနတ်ချင်းများရှိသော်လည်း ထင်ရှားမှတ်တမ်းတင်သော နတ်ချင်းမှာ သုံးပုဒ်ရှိလေသည်။ ထိုမဟာဂီရိ နတ်သံ နတ်ချင်းပါ ဝတ်စားဆင်ယင်မှုနှင့် အခြားအကြောင်းခြင်းရာများမှာ နတ်နာယက ဝတ်စားဆင်ယင်မှုသမိုင်းကို မှတ်သားဖွယ်ရာ ဖြစ်ပေသည်။ ယမန်နှစ်က (၅.၁၂.၂၀၂၂) ပုဂံဒေသ ယွန်းပညာကောလိပ်၌ စာရေးသူ တက်ရောက်ဖတ်ကြားခဲ့သော “အပျိုတော်နတ်ချင်းနှင့် သဘင့်အစဉ်…” စာတမ်းဖတ်ပွဲ အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပွဲအခမ်းအနားစီစဉ်ရာ၌ မြဝတီမင်းကြီးဦးစ၏ မဟာဂီရိ နတ်သံပါ အကြောင်းအရာ အချက်အလက်ပါအတိုင်း သရုပ်ပြဝတ်စားဆင်ယင်ထားရှိမှုများသည် ကိုက်ညီသည်ကို တွေ့ရသည်။

### မြန်မာမှုဆိုင်ရာစာတမ်းဖတ်ပွဲများ အခါအားလျော်စွာ ဖြစ်စေချင်

စာရေးဆရာ (စာပေပညာရှင်) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုအရ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်း၊ လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာလဲ့လဲ့အောင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) သဘင်ပညာဌာန ပါမောက္ခ ဦးခိုင်ထွန်းတို့၏စီစဉ်မှုသည် သမိုင်းစာပေအထောက်အထားများနှင့် ညီညွတ်လှပေသည်ဟု ဂုဏ်ပြုရပါသည်။ နောင် ဤကဲ့သို့ မြန်မာမှုဆိုင်ရာစာတမ်းဖတ်ပွဲများကို အခါအားလျော်စွာ ဖြစ်စေချင်ပါသည်။

နတ်သံဟောင်းတစ်ပုဒ်တွင် **“စကားပင်ကို နတ်ငင်ပစ်၍….၊ မြစ်လယ်ကြောကို မျှောသောအခါလည်း၊ ဟင်္သာသောင်တင်း၊ ပိန်ညင်းစင်ရော်၊ အတောင်ခင်းသို့၊ လှေချင်းပီအောင်၊ ညီညီငယ်လှော်သည်၊ ပျော်ပျော်ရေကြောင်း စုန်ခဲ့တယ်၊ ရိမဒ်သာစည်၊ ထီးကြငှန်းနှင့်၊ မြို့နန်းတည်မည့်၊ ရွှေပြည်ပုဂံ၊ မင်းငါးကျိပ်ငါး၊ ကနက်ထူ၍၊ ရိပ်ဖြူလွှားသို့၊ ပျော်ပါးစံမည့်၊ နိုင်ငံနဖူး၊ ဆိပ်ကမ်းသာသည့်၊ ရွာညောင်ဦးမှာ၊ စူးစူးဝင်လို့ တို့ဆိုက်တယ်….”** စသဖြင့် ရေးဖွဲ့ထားရာ ဖတ်ကြည့်ပါက ပန်းပဲမောင်တင့်တယ်၊ သုံးပန်လှမင်းသမီး မောင်နှမတို့၏ ချစ်ခြင်းမေတ္တာ၊ ဘုရင်၏အတ္တမာန စသည့်ရာဇဝင်ဖြစ်ရပ်များကို ဖတ်ရှုခံစားရပါသည်။ ထိုနတ်ချင်း၊ နတ်သံကို စိတ်အာရုံတွင် ဂီတသံစဉ်သွင်း၍ ခံစားကြည့်ပါက အလွန်ရသမြောက်သော နတ်ချင်းဖြစ်ပေသည်။

ဂန္ထဝင်တေးရေးဆရာကြီး နန်းတော်ရှေ့ဆရာတင်က တောင်တော်သခင်မတေးကို ရေးစပ်ခဲ့သည်။ မရွှေဥ၏ဇာတ်လမ်းဖြစ်သည်။ ထိုကို အသံပါရမီရှင် ဒေါ်ခင်ခင်ညွန့်က ဆိုထားသည်။ ထိုသီချင်းထဲတွင် နန်းတော်ရှေ့ဆရာတင်က ပတ်ဝန်းကျင်ရေမြေအရ ဒီနေရာ ဒီဒေသကို ရောက်သွားသောအခါ လွမ်းသလို ဆွေးသလို ခံစားရကြောင်း ရေးစပ်ထားသည်။ အဆိုတော်ကြီး ဒေါ်ခင်ခင်ညွန့်၏အသံ၊ အဆွဲ၊ အငင်နှင့် အဆိုကြောင့် ရသမြောက်စွာ ခံစားရသည်။ နောင်တွင် အကယ်ဒမီ ဦးဝင်းဦးက ပြန်ဆိုသည်။

ဤ၌ ဆိုလိုခြင်းမှာ စာအလင်္ကာတို့၏ ဂုဏ်ရသတို့သည် စိတ်ကို ပြောင်းလဲစေသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဤသို့ပင် မဟာဂီရိနတ်ချင်းသည်လည်း ယုံကြည်ကိုးကွယ်မှုမရှိသည့်တိုင် စိတ်ကိုသိမ်းကျုံးသည့် ခံစားမှုကို ဖြစ်ပေါ်စေလေသည်။ ဤသည်မှာ နတ်တော်လ မင်းမဟာဂီရိပူဇော်ပွဲမှ ဖြစ်ပေါ်လာရသော စာအလင်္ကာရသ သဘောကို ဆိုလိုခြင်းဖြစ်ပေသည်။

ရာသီဘွဲ့များဖွဲ့ဆိုရာ၌ ထိုလရာသီ ပွင့်သီကြသည့် ပန်းအမျိုးအစားသည်လည်း အချက်အလက်အနေဖြင့် ပါဝင်လေပေသည်။ နတ်တော်လ၏ရာသီပန်းမှာ သဇင်ပန်း ဖြစ်ပေသည်။ “သည်ဆောင်းဟေမန်၊ မြောက်ယံလေညင်း…” အစချီတေးဘွဲ့သီချင်း (သီချင်းကြီး) မှာ သဇင်ပန်းဖွဲ့ ဖြစ်လေသည်။

အင်းဝမြို့ကို စိုးစံတော်မူသော တနင်္ဂနွေမင်း (ခေါ်) မှန်နန်းရှင် မင်းတရားကြီးလက်ထက်တော်တွင် ပန်းတော်ဝင် သဇင်ပန်းဆက်သကြရသည်ကို စာဆိုဇေယျပတိ (မြဝတီမင်းကြီးဦးစ) ရေးဖွဲ့သော သဇင်ပန်းတော်တေးဖွဲ့ ဖြစ်ပေသည်။

“သည်ဆောင်းဟေမန်၊ မြောက်လေညင်းဆော်တယ်ကို၊ နတ်တော်ပြာသို၊ ခွာညိုတည့် နှင်းဖုံဖုံ၊ ရိုးတံဆင့်ဖူးငုံ၊ (ဝတ်မှုန်)၃ တင့်ဆုံး၊ သဇင်ပန်း မြဂမုန်းငယ်နှင့်လေး၊ ရွှေနန်းတော်လုံး၊ မင်းသုံး ငယ်စိုးယူ၊ သွယ်သွယ်ညွတ်ကိုင်း၊ ရွှေသိုင်းညွန့်တလူလူ၊ ရှမ်းပြည် တောင်ငူ၊ ကြည်ဖြူဆက်မြဲမှန်လှလေ၊ ဂမုန်းအင် သဇင်ရွှေပန်း လှိုင်လှလေး၊ သိင်္ဂီလျှံလန်း၊ စိန်စီမှန်နန်းပေါ်ငယ်မှာ၊ ပန်ဆင်ရာ၊ ရွှေကေသာ မြန်းပါလို့ သည်ပန်းမှ မြတ်ပန်တော်။”

### “ဂမုန်းအင်” အကြောင်းကို ပန်းတစ်မျိုးဟု ဖော်ပြထား

ဤသီချင်းတွင် ပါဝင်သောပန်း “ဂမုန်းအင်” အကြောင်းကို မော်ဘီဆရာသိန်းကြီးက ပန်းတစ်မျိုးဟု ဖော်ပြထားသည်။ “ဂမုန်းအင်”နှင့်ပတ်သက်၍ မြန်မာစာပေပညာရှင်များ၊ သုတေသီများက ဖွင့်ဆိုမှုအသီးသီးရှိကြသည်။ ဆရာကြီးဒဂုန်နတ်ရှင်၊ ဆရာကြီးဒဂုန်ဦးစန်းငွေ၊ ဆရာကြီးမာဃတို့၏ ဖွင့်ဆိုယူဆချက်များကို တွေ့ဖူးသည်။ “ဂမုန်းအင်နှင့် သဇင်ပွင့်ပေါ်လနတ်တော်” ဟု ဆိုရိုးရှိပေသည်။ ဤ “ဂမုန်းအင်”ဝေါဟာရကို ဦးတိုး၏ ရာမရကန်တွင်လည်း-

“စိမ့်ကြီးမြိုင်ကြီး၊ ရိပ်ကြီးတောတောင်၊ နေရောင်မခံ၊ ပန်းပျံပင်ဆင့်၊ မြေနှင့်ရန်ဘက်၊ ခက်လက်စိမ်းမြ၊ မိုးမခဘူး၊ နွေလသံပေါက်၊ ရင့်ချိန်ရောက်သောခါမှ၊ နှင်းသောက်ကယ်ရွှင်ရွှင်၊ ပွင့်ဖူးတွေဆင်ကြသည်၊ ရွှေပင်ဆင့်၊ ငွေပင်ဆင့်၊ ပတ္တမြားပင်ဆင့်၊ ဂမုန်းအင့်အဖက်၊ ဆောင်းစက်ရိပ်ခို၊ ရေတွက်လို့ ဆိုတော့မည်၊…” တွင်လည်း “ဂမုန်းအင်” ဝေါဟာရကိုသုံးထားပေသည်။

မဟာအတုလမင်းကြီး၏ နတ်တော်လဘွဲ့ လွမ်းချင်းတွင်လည်း -

“ရှုလေတိုင်းကိုတည့်(တဲ့)၊ ဝေမှိုင်းငယ်ဖြာဖြာ၊ လေညင်းငယ်လာသည်၊ ဖော်မပါ တူမစုံလို့၊ လွှာခြုံအေးပြန်တော့တယ်လေး…၊ ဆယ့်နှစ်ဖြာငယ်၊ ရာသီခနေ့၊ ရွှေဟင်္သာလည်း၊ တာရာပြုလို့၊ ဇေယုဗြဟ္မာ၊ ဟေမန္တာမို့၊ မဟာပိန္နဲ၊ နတ်မင်းပွဲမှာ၊ ကျွေးမြဲပူဇော်၊ လနတ်တော်ကို၊ ရှုမျှော်တိမ်ဆီ၊ မိဂသီလည်း၊ ခါညီမွန်းလယ်၊ ထွန်းရောင်ခြည် ခြယ်သောခါ၊ နယ်ရွှေဝ ဥကင်မှာ၊” ဂမုန်းအင် “သဇင်မင်းက၊ သင်း လှတယ်လေး…။ ။”ဟု နတ်တော်လဘွဲ့ကို ရေးဖွဲ့ထားလေသည်။ အထက်ဖော်ပြပါ ဆရာကြီးဒဂုန်နတ်ရှင်၊ ဆရာကြီးဒဂုန်ဦးစန်းငွေနှင့် ဆရာကြီးမာဃ(ဦးသာတင်)တို့၏ အဆိုကို မဖော်ပြသာပေ။ မော်ဘီဆရာသိန်းကြီး၏ ရေးသားချက်ကို အောက်ပါအတိုင်း တွေ့ရပါသည်။

### ဂမုန်းအင်ပန်းမျိုးသည် ပဲခူးမြို့နှင့် တောင်ငူမြို့အကြား တောများ၌ရှိတတ်

သဇင်ပန်းကိုပင် အချို့ဆရာတို့က ဂမုန်းအင်ပန်းဟု ပြောဆိုသည်ကို ကြားရသည်၊ (ရှင်းလင်းရန်ကား၊) သဇင်ပန်းကတခြား၊ ဂမုန်းအင်ပန်းကတခြား ဖြစ်ချေသည်၊ ဂမုန်းအင်ပန်းနှင့် သဇင်ပန်းသည် တစ်ရာသီတည်း ဖူးကြ-ငုံကြ-ပွင့်ကြသည်။ နတ်ပန်းဟူ၍လည်းအခေါ်များကြသည်။ ဂမုန်းအင်ပန်းအရွက်မှာ သဇင်ပန်းအရွက်နှင့်တူသည်။ ရွက်တံတို့သည် ပွင့်တံမှာ လက်ညှိုး-လက်မလောက်ကြီးသည်။ နှစ်လက်မ၊ သုံးလက်မခန့် ပွင့်တံရှိသည်။ အဆစ်မှာ နှစ်ဆစ်၊ သုံးဆစ်ရှိသည်။ ပွင့်တံထိပ်က-စု၍ အငုံ-အဖူး-အပွင့်-ထွက်၍ ပွင့်သည်။ ဖွန်ပန်းသဏ္ဌာန် ဖြူသောအဆင်းရှိသည်။ သဇင်ကြက်ချေးခေါ်သော ပန်းပွင့်ကဲ့သို့ ပွင့်သည်။ အနံ့သင်းသင်းရှိသည်။ ၎င်းဂမုန်းအင်ပန်းမျိုးသည် ပဲခူးမြို့နှင့် တောင်ငူမြို့အကြား တောများ၌ ရှိတတ်သည်။ ယင်းသည့် ဂမုန်းအင်ပန်းသည် သထုံနယ်မှာရှိကြောင်း သိရသောကြောင့် မိတ်ဆွေတစ်ဦးထံ မှာလိုက်ရာ လာရောက်ပို့၍ တွေ့မြင်ရသည့်အတိုင်း ဖော်ပြလိုက်ပါသည်။

(ဂီတာလင်္ကာရဒီပနီကျမ်း စာ-၁၀၃)

စသဖြင့် ဂမုန်းအင်အဆိုကို အကျယ်တဝင့် ရှင်းလင်းပြထားသည်ကို တွေ့ရပါသည်။

ထိုဂမုန်းအင်သည် နတ်တော်လရာသီ သဇင်ပန်းနှင့်တွဲ၍ ခေတ်အဆက်ဆက်လာခဲ့ရာ ဇာတ်သဘင်များခေတ်ရောက်သည်အထိ သုံးစွဲနေမြဲဖြစ်သည်။

ဇာတ်သဘင်တွင် အခန်းဆက် အခန်းပြောင်း၌ ဇာတ်လမ်းအရ ခွန်းတောက်ဆိုရသည့် ကဏ္ဍရှိလေသည်။ အောက်ပါ နတ်တော်လဘွဲ့ ခွန်းတောက်မှ နတ်တော် လေးကိုင်စွဲသည့် ဓနုရာသီ၊ ဟင်္သာတာရာ မိဂသီနက္ခတ်နှင့် စန်းယှဉ်ခြင်း ရာသီ သဇင်ပန်းနှင့် ဂမုန်းအင်တို့ ပွင့်ဝေသည့် ချမ်းအေးသောကာလ တစ်ကိုယ်တည်းနေသူအဖို့ လွမ်းမောတမ်းတရပုံကို ရေးဖွဲ့ထားလေသည်။ ခက်ခဲသော ဝေါဟာရပဟေဠိ အသိရခက်သော အနက်အဓိပ္ပာယ်များမပါရှိဘဲ သာမန်သိနိုင်သော နတ်တော်လဘွဲ့ကို စာဆိုက ရေးဖွဲ့ထားလေသည်။ စာရှုသူများ နတ်တော်လ စာပေအလင်္ကာရသများကို ခံစားနိုင်ကြပါစေသတည်း။

“ဓနုခွင် နတ်တော်ဆန်းတော့ကို ဂမုန်းအင် သဇင်ပန်းငယ်နှင့် ရွှေနန်းမ လှကြေးမုံ။ နတ်ရပ်မှာ လေးကိုင်စွဲပါလို့ ပိန္နဲငယ်မဟာပွဲသာပ ပျော်မြဲမင်္ဂလာမို့ တာရာမှာ ဟင်္သာထွန်း လွမ်းဘွဲ့အစုံ။ မိဂသီရောင်စုံ တင့်တော့ ညောင်ဘုံမြင့် ရွှေရိပ်လှုံမှာ အို-ကြုံပြန်ရလေနဲ့။ (ဝ, ပြော ငယ်စည်…)၂ မြ, ကောင်္ကျို စိန်ရထည်နှင့် ရွှေပြည်နှစ်ကို လွမ်းပါကလ ခုများမှာ တကိုယ်တန်းပါမို့ ညောင်သင်မှာ မောင်ခင်ချမ်းရှာလိမ့်မယ် နွမ်းဘို့ သည် သဲတဲ့မှ အိုကွယ် … လွမ်းလို့ကြည်ကွဲ…”။ ။

# ပို့ဆောင်စရိတ်သည် ဆီဈေးနှုန်းကို အခြေခံသည့်အတွက် စားသုံးသူများ သက်သောင့်သက်သာဖြစ်အောင်လုပ်ကြရမည်ဖြစ်

**မြိတ် ဇန်နဝါရီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန့်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး စက်သုံးဆီလုပ်ငန်းရှင်များအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးအတွင်း စက်သုံးဆီ တင်သွင်းဖြန့်ဖြူး ဆောင်ရွက်နေမှုနှင့် ပတ်သက်ပြီး ဆီဈေးနှုန်းကို သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ငါးဖမ်းစက်လှေနှင့် ရေလုပ်ငန်းများ လုပ်ကြတာဖြစ်သည့်အတွက် သတ်မှတ်သည့်ဈေးနှုန်းဖြင့် ရောင်းချကြရန် စဉ်းစားရမည်ဖြစ်ကြောင်း။

တင်သွင်းသူနှင့် သုံးစွဲသူညီမျှအောင် ညှိနှိုင်းကြရန်လိုကြောင်း၊ ကုန်တင်ယာဉ် ကုန်စည်သယ်ယူပို့ဆောင်စရိတ်သည် ဆီဈေးနှုန်းကို အခြေခံသည့်အတွက် စားသုံးသူများ သက်သောင့်သက်သာဖြစ်အောင် လုပ်ကြရမည်ဖြစ်သည့်အတွက် နှစ်ဦးနှစ်ဖက် ညီမျှရန်လိုအပ်ကြောင်း၊ စက်သုံးဆီ တင်သွင်းရောင်းချပေးရာတွင် တစ်ဂါလန်လျှင် သတ်မှတ်ထားသည့် ချင်တွယ်မှုမှန်ကန်စေရန် လိုအပ်ကြောင်း၊ ဆီ၏ အရည်အသွေး ကောင်းမွန်ရန် လိုအပ်ကြောင်း၊ စက်သုံးဆီ တင်သွင်းသည့် နေရာတွင်လည်း တင်သွင်းလာသည့်အတိုင်း နိုင်ငံတော်သို့ အခွန်များကို တိကျမှန်ကန်စွာ ပေးဆောင်ရန်လိုအပ်ကြောင်း၊ ဆီများကို အန္တရာယ်မဖြစ်အောင် စနစ်တကျ သိုလှောင်ထားရှိရန် လိုအပ်ကြောင်း၊ စက်သုံးဆီဈေးနှုန်းကို သင့်တော်သည့် ဈေးနှုန်းသတ်မှတ်ပြီး မျှမျှတတဖြစ်အောင် ဆောင်ရွက်ပါက အဆင်ပြေနိုင်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက တိုင်းဒေသကြီးအတွင်း စက်သုံးဆီ တင်သွင်းဖြန့်ဖြူး ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေး အရာရှိ ဦးအောင်ဇော်ချစ်က ဒေသအလိုက် စက်သုံးဆီများ တင်သွင်းဖြန့်ဖြူးရောင်းချ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာကြသည့် စက်သုံးဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက လုပ်ငန်းအလိုက် စက်သုံးဆီများ တင်သွင်းဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **ခိုင်ထူး (ပြန်/ဆက်)**

# မြန်မာနိုင်ငံရှိ ရေသယံဇာတအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံရှိ ရေသယံဇာတအရင်းအမြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို ယမန်နေ့ ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် များနှင့် ဌာနတာဝန်ရှိသူများ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက မိမိတို့နိုင်ငံသည် မြေပေါ်မြေအောက် ရေသယံဇာတအရင်းအမြစ် ပေါကြွယ်ဝသော်လည်း ရေအရင်းအမြစ် ကြွယ်ဝမှုနှင့် တည်ရှိမှုအခြေအနေသည် နေရာဒေသလိုက်၍ ကွဲပြားခြားနားမှု ရှိနေပါကြောင်း၊ ရာသီဥတု ပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ရေရှားပါးမှုအခက်အခဲများ ဖြေရှင်းခြင်းနှင့် အရေးပေါ်ရေလိုအပ်ချက်ရှိသည့် ဒေသများတွင်အချိန်မီ ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်ရေး၊ ရေသယံဇာတအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ အစည်းအဝေး တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြရန် လိုကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်၏ ရေသယံဇာတ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေစေရန် လိုအပ်သော ထိန်းသိမ်းစောင့်ရှောက်မှုများ ဆောင်ရွက်နိုင်ရန် ရေဆိုင်ရာ စီမံခန့်ခွဲသည့်ဝန်ကြီးဌာန၊ မြစ်ဝှမ်းဒေသ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ Myanmar National Water Policy အပေါ် အခြေခံ၍ နိုင်ငံ ၁၀ နိုင်ငံမှ ရေနှင့်ပတ်သက်သည့် စီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများအား စံနမူနာထားလေ့လာပြီး မြန်မာနိုင်ငံ၏ ရေအရင်းအမြစ် တည်ရှိမှု၊ သုံးစွဲမှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မင်းလှမြို့နယ်၌ ပရဆိုင်-ကောက်ကလိန်-ပနီဆုံလမ်း မြေသားဘောင်ချဲ့မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်


**အထက်မင်းလှ ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ပရဆိုင်-ကောက်ကလိန် - ပနီဆုံလမ်း မြေသားဘောင်ချဲ့၍ မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ပရဆိုင်-ကောက်ကလိန်-ပနီဆုံလမ်းမိုင် (၀/၀ မှ ၄/၀) (6.436km) အား မြေသားဘောင်ချဲ့၍(5.49m) အကျယ်(200mm) ထု မြေနီခင်းခြင်းလုပ်ငန်းကို မင်းလှမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက စတင်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုများကို မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဒေါ်သီရိဖြိုးဝေဝင့်က လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိသည်။

မင်းလှမြို့နယ်၌ ပရဆိုင်-ကောက်ကလိန်-ပနီဆုံလမ်း မြေသားဘောင်ချဲ့၍ မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**ဇာဇာ(အထက်မင်းလှ)**



# လက်ပံတန်း၌ တောင်သူများအား အသိပညာပေးကွင်းသရုပ်ပြဆောင်ရွက်

**လက်ပံတန်း ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဉာဏ်မြင့်နှင့် ဝန်ထမ်းများက ဆောင်းသီးနှံ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး တောင်သူအသိပညာပေးကွင်းသရုပ်ပြခြင်းကို ကွမ်းခြံကျေးရွာတောင်သူ ဦးခင်မောင်ဝင်း၏ TBL-9 မတ်ပဲ ငါးဧက စံပြစိုက်ကွက်၌ ယမန်နေ့က ပြုလုပ်သည်။



အဆိုပါ အသိပညာပေး သရုပ်ပြပွဲသို့ သာယာဝတီခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မာမာအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များနှင့် ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူများ တက်ရောက်ကြပြီး လာမည့် ၂၀၂၄ – ၂၀၂၅ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် အထွက်နှုန်းကောင်း TBL-9 မတ်ပဲမျိုးများကို ရွေးချယ်စိုက်ပျိုးရေး လက်တွေ့သရုပ်ပြ အသိပညာပေး ဆွေးနွေးကြသည်။

လက်ပံတန်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာတွင် ၉၈၂၈၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တောင်သူများအနေဖြင့် သမားရိုးကျ စိုက်ပျိုးခဲ့သည့် ရေဆင်း-၂၊ ရေဆင်း-၃ မျိုးများကို စိုက်ပျိုးခဲ့ရာ အဝါရောင် မှိုစွေ့ရောဂါဒဏ်ခံရပြီး အထွက်နှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည့်အတွက် ရောဂါဒဏ်ခံနိုင်ပြီး အထွက်နှုန်းကောင်းသည့် TBL-9 မတ်ပဲမျိုးနှင့် ရေဆင်း-၇ မတ်ပဲမျိုးများကို ပြောင်းလဲစိုက်ပျိုးနိုင်ရေး တောင်သူများအား အသိပညာပေး ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် ယခုနှစ်တွင် TBL-9 မတ်ပဲမျိုး ၁၇၂၄၅ ဧက နှင့် ရေဆင်း-၇ မတ်ပဲမျိုး ၈၂၀၄၇ ဧက ပြောင်းလဲစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျရောက်မည့် **အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့**ကို ဂုဏ်ပြုသောအားဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **"အရှိန်အဟုန်ဖြင့် တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်ဆောင်းပါးကို အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်ခြင်း၊ ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ခြင်းနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်းသည့် အကြောင်းအရာများဖြင့် အောက်ဖော်ပြပါ**စည်းကမ်းချက်များ**နှင့်အညီ ရေးသားပေးပို့ ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပြိုင်ပွဲသို့ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(ခ) ပြိုင်ပွဲဝင်များသည် သတ်မှတ်ထားသော ခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဂ) ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ကွန်ပျူတာစာလုံး Myanmar Unicode (Pyidaungsu Font) စာလုံးအရွယ်အစား-၁၄ (Font Size 14 ) စာကြောင်းအကွာအဝေး ၁.၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1'' ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်ဖြစ်ပါသည်။

(င) ပြိုင်ပွဲဝင်များပေးပို့သည့်စာမူများသည် မိမိကိုယ်တိုင်ဖန်တီးရေးသားထားသည့် စာမူဖြစ်ပြီး၊ ပေးပို့လာသည့် စာမူသည် ဂျာနယ်၊ မဂ္ဂဇင်းများနှင့် မီဒီယာများတွင် ဖော်ပြထားပြီးသည့်စာမူများ မဖြစ်စေရပါ။

(စ) ဆုရွေးချယ်ခံရခြင်းမရှိသော ဆောင်းပါးများအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(ဆ) ပြိုင်ပွဲဝင်ဆောင်းပါးကို ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူမှ သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော ဆောင်းပါးစိစစ်ဆုရွေးချယ်ရေးဘုတ်အဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ဆုများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုနှစ်ဆု စုစုပေါင်းငါးဆုကို ချီးမြှင့်မည်ဖြစ်ပြီး ထိုက်တန်သည့် ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်စာမူနှင့်အတူ ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ဝန်ခံကတိပြုလွှာ၊ ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ရောင်စုံဓာတ်ပုံ သုံးပုံ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၂၃၊ နေပြည်တော်၊ (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၄၂၅၁၊ ၀၉-၂၀၁၉၃၅၇)၊ အီးမေးလ် dswwdd2022@gmail.com သို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့ ညနေ ၅ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (အီးမေးလ်ဖြင့် ပေးပို့ပါက Word Document အပြင် PDF ဖတ်၍ ပေးပို့ပါရန်။)

သတ်မှတ်ရက်ကျော်လွန်ခြင်း သို့မဟုတ် သတ်မှတ်စည်းကမ်းချက်များနှင့် မပြည့်စုံခြင်းစသည့် စာမူများကို ဆုရွေးချယ်ရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရရှိသူများကို ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## တရုတ်-အာဆီယံ ဆန်းသစ်တီထွင်မှုနှင့် စွန့်ဦးတီထွင်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် လုပ်ငန်းရှင်များအား ဖိတ်ခေါ်ထား

**ရန်ကုန် ဇန်နဝါရီ ၁၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ASEAN Secretariat တို့ပူးပေါင်း၍ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန်၊ အနာဂတ်တွင် မျှဝေမှုဖြင့် တရုတ်-အာဆီယံအသိုက်အဝန်းကို ပိုမိုခိုင်မာလာစေရန် ရည်ရွယ်၍ ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံ ဆန်းသစ်တီထွင်မှုနှင့် စွန့်ဦးတီထွင်ပြိုင်ပွဲ( The 2nd China-ASEAN Innovation and Entrepreneurship Competition-CAIEC)ကို ကျင်းပမည်ဖြစ်ရာ စွန့်ဦးတီထွင်လုပ်ငန်းရှင်အဖွဲ့များ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

ပြိုင်ပွဲကို ဖေဖော်ဝါရီမှ မတ်လအတွင်း ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲအမည်မှာ "Digital Empowerment for a Shared Future" ဖြစ်ပြီး ဒစ်ဂျစ်တယ်စီးပွားရေး၊ ဒစ်ဂျစ်တယ်ကုန်ထုတ်လုပ်မှု၊ ဒစ်ဂျစ်တယ်ထုတ်ကုန်ဝန်ဆောင်မှု၊ ဒစ်ဂျစ်တယ်နည်းပညာအသုံးချမှု၊ ဒစ်ဂျစ်တယ်အချက်ပြမောင်းနှင်မှုနှင့် ဒစ်ဂျစ်တယ်စွမ်းဆောင်ရည်မြှင့်တင်မှု စသည့် ပရောဂျက်နယ်ပယ်တို့၌ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲကို မှတ်ပုံတင်ခြင်း၊ အရည်အချင်းစစ်ဆေးခြင်း၊ ကနဦးရွေးချယ်ခြင်းနှင့် ဖိုင်နယ်ဟု အဆင့်လေးဆင့်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၅ ရက် နောက်ဆုံးထား၍ မှတ်ပုံတင်ပြုလုပ်နိုင်ကာ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၉ ရက်အထိ အရည်အချင်းစစ်ဆေးမှုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲတွင် Awards for Team Groups၊ Awards for Enterprise Groups၊ Creativity Stars ဆုနှင့် Cooperation Stars ဆုများကို ချီးမြှင့်သွားမည်ဖြစ်ပြီး လုပ်ငန်းအဖွဲ့ (Enterprise Groups) များနှင့် အသင်းအဖွဲ့ (Team Groups) များအနေဖြင့် E-mail : caiec2022@vip.163.com တွင် ပါဝင်ယှဉ်ပြိုင် လျှောက်ထားနိုင်ကြောင်း၊ ပထမအကြိမ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ Green Toddy Co.,Ltd က တတိယဆုနှင့် သဲဖြူ Ecolodges နှင့် DTVET Team က Creativity Stars ဆုများ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တည်ထောင်ခြင်း နှစ် (၆၀) ပြည့်အထိမ်းအမှတ် ယဉ်ကျေးမှုဖလှယ်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် တည်ထောင်ခြင်း နှစ် (၆၀) ပြည့်အထိမ်းအမှတ် အခမ်းအနားနှင့် ကိုးနိုင်ငံယဉ်ကျေးမှုဖလှယ်ပွဲ (YUFL Cultural Exchanges 2024) အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က ကျင်းပသည်။




အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရှင်၊ တက္ကသိုလ်အသီးသီးမှ ဒုတိယပါမောက္ခချုပ် ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ယဉ်ကျေးမှုဖလှယ်ပွဲတွင် မြန်မာအပါအဝင် နိုင်ငံကိုးနိုင်ငံ၏ အစားအသောက်များကို ဘာသာရပ်အသီးသီးမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ကိုယ်တိုင်ချက်ပြုတ်ပြင်ဆင်၍ ဘာသာရပ်အချင်းချင်း အပြန်အလှန်ဖလှယ်ကျွေးမွေးခြင်း အစီအစဉ်ဖြစ်သည့် Food Sharing Program ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကာ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာကြည်ရှင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဂျပန်ဘာသာဌာန၊ အင်္ဂလိပ်ဘာသာဌာန၊ မြန်မာဘာသာဌာန၊ ရုရှားဘာသာဌာန၊ တရုတ်ဘာသာဌာန၊ ဂျာမန်ဘာသာဌာန၊ ထိုင်းဘာသာဌာန၊ ပြင်သစ်ဘာသာဌာန၊ ကိုရီးယားဘာသာဌာနတို့မှ ကျောင်းသား ကျောင်းသူများက နိုင်ငံကိုးခု၏ ဝတ်စားဆင်ယင်မှုနှင့် အကများဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး မေ့မရနိုင် YUFL သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ **ဆန်းကျော်ဦး (ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးအတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးများအား အခမဲ့ ခွဲစိတ်ကုသပေး

**မကွေး ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရေးနှင့် ပြည်သူများ စိုက်ထုတ်ကုန်ကျရသော ဆေးကုသမှုစရိတ် လျော့နည်းကျဆင်းစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ပေါင်းစုံမှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ရှာဖွေဖော်ထုတ်ပြီး မကွေးမြို့ရှိ တိုင်းပြည်သူ့ဆေးရုံကြီး၌ ဇန်နဝါရီ ၈ ရက်မှ ၁၀ ရက်အထိ အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

လူနာများအား သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများက ဇန်နဝါရီ ၂ ရက်မှ ၅ ရက်အထိ လိုအပ်သော သွေးစစ်ဆေးမှုနှင့် ဓာတ်မှန်ရိုက်ခြင်းများကို ဆောင်ရွက်ပေးခဲ့ရာ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၉၃ ဦးအား ကြည့်ရှုစစ်ဆေးပေးနိုင်ခဲ့သည်။ ၎င်းတို့အနက် ကျန်းမာရေးကောင်းမွန်ပြီး ခွဲစိတ်ရန်သင့်တော်သည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၄၆ ဦး (ကျား ၂၃ ဦး၊ မ ၂၃ ဦး) တို့အား ကုသရေးဦးစီးဌာနအောက်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၊ လှိုင်လင်ပြည်သူ့ဆေးရုံကြီးနှင့် မကွေးပြည်သူ့ဆေးရုံကြီးတို့မှ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများက Japan Heart အဖွဲ့မှ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများနှင့် ပူးပေါင်း၍ ဇန်နဝါရီ ၈ ရက်မှ ၁၀ ရက်အထိ အခမဲ့ခွဲစိတ်ပေးခဲ့ကြခြင်းဖြစ်သည်။



ခွဲစိတ်ကုသမှုခံယူနေသည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဇန်နဝါရီ ၁၀ ရက်တွင် လာရောက်ကြည့်ရှု၍ အာဟာရနှင့် လက်ဆောင်ပစ္စည်းများ၊ အလှူငွေများ ထောက်ပံ့ပေးခဲ့ပြီး ခွဲစိတ်ကုသမှု အောင်မြင်စေရန်အတွက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် တိုင်းပြည်သူ့ဆေးရုံကြီး (မကွေးမြို့) တို့က လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့်ပါလက်စတိုင်းသမ္မတတို့ ဂါဇာဒေသအနာဂတ်အတွက်ဆွေးနွေး

**ဂါဇာ ဇန်နဝါရီ ၁၁**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် ဇန်နဝါရီ ၁၀ ရက်က ပါလက်စတိုင်းအာဏာပိုင်အဖွဲ့သမ္မတ မာမွတ်အဘတ်စ်နှင့်တွေ့ဆုံခဲ့ပြီး တိုက်ပွဲများရပ်တန့်သွားသည်နှင့် တစ်ပြိုင်နက် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ပါဝင်နိုင်မည့် အခန်းကဏ္ဍနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

အစ္စရေးတပ်ဖွဲ့နှင့် ဟားမားစ် စစ်သွေးကြွတို့ကြား ပဋိပက္ခနှင့်ပတ်သက်၍ အခြားသောအာရပ်ခေါင်းဆောင်များ၊ အစ္စရေးအရာရှိများနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။ ပါလက်စတိုင်းအာဏာပိုင်အဖွဲ့သည် အနောက်ဘက်ကမ်းရှိအစိတ်အပိုင်းများကို အုပ်ချုပ်သည်။

အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတို့ပါဝင်သည့် တိုင်းပြည်ထူထောင်ရန်အရေးပါသည့် ခြေလှမ်းများကို အမေရိကန်အရာရှိများက ထောက်ခံကြောင်း ဘလင်ကန်က ပြောသည်။ ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ ပြန်လည်ဖွဲ့စည်းမည့်အကြောင်းကိုလည်း အာဘတ်စ်နှင့်ဆွေးနွေးခဲ့ကြောင်း အဆိုပါအဖွဲ့သည် ဂါဇာဒေသအတွက် တာဝန်ယူနိုင်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

အာဘတ်စ်သည် ဒေသတွင်း အခြားသောခေါင်းဆောင်များနှင့်တွေ့ဆုံကာ တိုက်ပွဲများချက်ချင်းရပ်တန့်ရန် အလေးထားဆောင်ရွက်ခဲ့သည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဂါဇာတောင်ပိုင်းရှိ ဟားမားစ်ပစ်မှတ် ၁၅၀ ကျော်ကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးကာကွယ်ရေးအရာရှိများက ပြောသည်။



ဟားမားစ်ခေါင်းဆောင်များကို အမြစ်ဖြတ်ရှင်းလင်းရန်နှင့် အောက်တိုဘာလအတွင်းက ဖမ်းဆီးခေါ်ဆောင်သွားခံရသည့် ဓားစာခံများ အားလုံး ပြန်လည်လွတ်မြောက်ရေးအတွက် လုပ်ဆောင်ရန်ဆုံးဖြတ်ထားကြောင်း ၎င်းတို့က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ ငလျင်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် တောင်ကိုရီးယား အမေရိကန်ဒေါ်လာ သုံးသန်း ပေးလှူ

**ဆိုးလ် ဇန်နဝါရီ ၁၁**

နှစ်သစ်ကူးရက်တွင် ဂျပန်နိုင်ငံ နိုတိုကျွန်းဆွယ်၌ လှုပ်ခဲ့သော ငလျင်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူသားချင်းစာနာထောက်ထားမှုအဖြစ် အမေရိကန်ဒေါ်လာ သုံးသန်း ပေးလှူမည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက ဇန်နဝါရီ ၁၁ ရက်က ကြေညာခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ အကူအညီသည် ဂျပန်နိုင်ငံ ငလျင်ဒဏ်ခံဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် အကူအညီဖြစ်မည်ဟု မျှော်လင့်ကြောင်းနှင့် ငလျင်ဒဏ်ခံဒေသခံများ ပုံမှန်လူနေမှုဘဝကို အလျင်အမြန် ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တောင်ကိုရီးယားသမ္မတ ယွန်ဆုခ်ယော်သည် ငလျင်ဒဏ်ခံစားခဲ့ရသူများနှင့် ၎င်းတို့၏ ကျန်ရစ်သူမိသားစုများထံ ဝမ်းနည်းကြောင်းဖော်ပြသည့် သတင်းလွှာတစ်စောင်ကို ဂျပန်ဝန်ကြီးချုပ် ကီရှီးဒါဖူမီယိုထံသို့ပေးပို့ခဲ့ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ဇန်နဝါရီ ၂ ရက်က ဖော်ပြခဲ့သည်။

တောင်ကိုရီးယားသမ္မတ ယွန်က ဂျပန်နိုင်ငံ၏ ငလျင်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီမည့် ၎င်း၏ရည်ရွယ်ချက်ကို ဖော်ပြခဲ့ကြောင်းနှင့် ငလျင်ဒဏ်ခံဒေသများရှိ ဒေသခံများအလျင်အမြန် ၎င်းတို့၏ ပုံမှန်ဘဝများ ပြန်လည်ရရှိစေရန်လည်း ဆန္ဒပြုခဲ့ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**




# အိန္ဒိယနိုင်ငံတွင် ကားထုတ်လုပ်မှုများတိုးချဲ့နိုင်ရေး ကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံ ဆူဇူကီး ရင်းနှီးမြှုပ်နှံသွားမည်

**နယူးဒေလီ ဇန်နဝါရီ ၁၁**

ဂျပန်ကားထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် ဆူဇူကီးကုမ္ပဏီသည် ၎င်းတို့၏ အဓိက ဈေးကွက်ဖြစ်သည့် အိန္ဒိယတွင် စီမံကိန်းနှစ်ခု တိုးချဲ့နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဟု ကြေညာခဲ့သည်။

၂၀၂၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ အနောက်ပိုင်းပြည်နယ်ဖြစ်သည့် ဂူဂျာရတ်ပြည်နယ်တွင် စက်ရုံသစ်ဖွင့်လှစ်နိုင်ရေး သဘောတူညီမှုရရှိခဲ့သည်ဟု ဇန်နဝါရီ ၁၀ရက်တွင် ဆူဇူကီးကုမ္ပဏီဘက်က ပြောသည်။

နှစ်စဉ် ကားထုတ်လုပ်မှု စွမ်းအားမှာ ကားအစီးရေ တစ်သန်းကျော် ထုတ်လုပ်နိုင်ရေး မျှော်မှန်းထားသည်။

ထို့ပြင် ဆူဇူကီးကုမ္ပဏီသည် ပြည်နယ်အတွင်း တည်ရှိပြီးသား စက်ရုံတွင် လျှပ်စစ်ကားထုတ်လုပ်သွားနိုင်ရန်လည်း စီစဉ်ထားသည်။ ၂၀၂၆ ခုနှစ် အစောပိုင်းတွင် လျှပ်စစ်ကား ထုတ်လုပ်နိုင်မည်ဖြစ်ပြီးစက်ရုံတွင် တစ်နှစ်လျှင် ကား အစီးရေ ၂၅၀၀၀၀ အထိ တိုးမြှင့် ထုတ်လုပ်နိုင်မည်ဟု သိရသည်။

မြောက်ပိုင်းပြည်နယ် ဖြစ်သည့် ဟာယာနာတွင်လည်း ကားစက်ရုံ တည်ဆောက်သွားနိုင်ရေး သဘောတူညီမှုရရှိပြီးဖြစ်သည်ဟု ဆူဇူကီးကုမ္ပဏီက အစောပိုင်းတွင်ကြေညာခဲ့သည်။

အဆိုပါ စီမံကိန်းများသည် အိန္ဒိယရှိ ကုမ္ပဏီ၏ စုစုပေါင်း ထုတ်လုပ်နိုင်မှု စွမ်းအားကို တစ်နှစ်လျှင် လေးသန်းအထိ မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ် မတ်လမှစတင်ကာ နိုင်ငံအတွင်း ကားအစီးရေ ၁ ဒသမ ၉ သန်း ထုတ်လုပ်နိုင်ခဲ့သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**



# ဘော့ဆွာနာ၌ ၁၆၆ ကရက်ရှိ စိန်တုံးကြီး တူးဖော်တွေ့ရှိ

**ဂတ်ဘာရွန်း ဇန်နဝါရီ ၁၁**

ဘော့ဆွာနာ၏ ကာရိုဝီမိုင်းတွင်းမှ ၁၆၆ ကရက်ရှိ စိန်တုံးကြီးကို တူးဖော်တွေ့ရှိခဲ့ကြောင်း စိန်တူးဖော်ရေးနှင့် မိုင်းတွင်းကုမ္ပဏီဖြစ်သည့် လူကာရာဒိုင်းမွန်းက ဇန်နဝါရီ ၁၀ ရက်က ကြေညာခဲ့သည်။

ကနေဒါအခြေစိုက် လူကာရာဒိုင်းမွန်းကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ အဆိုပါစိန်တုံးကြီးသည် ၂၀၂၄ ခုနှစ်တွင် ပထမဆုံးရှာဖွေတွေ့ရှိခဲ့သည့် အကြီးဆုံး စိန်တုံးကြီးဖြစ်ကြောင်းသိရသည်။

အဆိုပါစိန်တုံးကြီးသည် ၂၀၁၂ ခုနှစ် ကုမ္ပဏီ စတင်မိုင်းတွင်းတူးဖော်သည့်အချိန်မှစကာတွေ့ရှိခဲ့သည့် ကရက် ၁၀၀ ကျော်ရှိသည့် ၃၂၈ တုံးမြောက် စိန်တုံးကြီးဖြစ်သည်။

လူကာရာအမှုဆောင်အရာရှိချုပ် ဝီလီယံလမ့်က နောက်ဆုံး ရှာဖွေတွေ့ရှိမှုသည် အနည်းဆုံး ၂၀၄၀ ပြည့်နှစ်အထိ မြေအောက်တူးဖော်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုလုပ်နိုင်ရန်အတွက် စီးပွားရေးဆိုင်ရာ အကြောင်းပြချက်ကောင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

လူကာရာ စိန်တုံးကြီးသည် ကာရိုတီဒိုင်းမွန်း၏ မူပိုင် စိန်တုံးကြီးဖြစ်သည်။

**ဆင်ဟွာ**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သီရိလင်္ကာရှိ မိသားစုပေါင်း ၁၅၀၀၀ ကျော် အိုးအိမ်စွန့်ခွာရ

**ကိုလံဘို ဇန်နဝါရီ ၁၁**

မကြာသေးမီ ရက်ပိုင်းအတွင်း ဆိုးရွားသည့်ရာသီဥတုကို သီရိလင်္ကာရှိ မိသားစုပေါင်း ၁၅၀၀၀ ကျော် ခံစားခဲ့ရသည်ဟု နိုင်ငံ၏ သဘာဝဘေးစီမံခန့်ခွဲမှု စင်တာက ဇန်နဝါရီ ၁၁ ရက်တွင် ပြောသည်။

မိုးအဆက်မပြတ် ရွာသွန်းမှုဒဏ်ကို သီရိလင်္ကာနိုင်ငံအရှေ့ပိုင်း ပြည်နယ် အမ်ပါရာခရိုင်ရှိ မိသားစုပေါင်း ၁၅၃၆၃ ခံစားရသည်ဟု သဘာဝဘေးစီမံခန့်ခွဲမှုဌာနမှ အထွေထွေမန်နေဂျာ ဆူဒန်သာ ရာနက်ဆင်းက ပြောသည်။

သဘာဝဘေးဒဏ် ခံစားရသည့်နေရာများတွင် ကယ်ဆယ်ရေးစခန်း ရှစ်ခုကို ဖွင့်လှစ်ထားကြောင်း အမ်ပါရာခရိုင် အတွင်းရေးမှူးက ပြောသည်။

လက်ရှိ ဆိုးရွားသောရာသီဥတုကြောင့် နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ထိခိုက်မှုများဖြစ်စေခဲ့သည်ဟု ရာနက်ဆင်းက ပြောသည်။

**ဆင်ဟွာ**

# စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် လားရှိုးမြို့နှင့် ပတ်ဝန်းကျင်ဒေသများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူက ကန့်ကွက်ရှုတ်ချပွဲပြုလုပ်



နေပြည်တော် ဇန်နဝါရီ ၁၁

စစ်ရေးဖြင့် သက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သောင်းကျန်းသူများအား ကန့်ကွက်ရှုတ်ချပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ လွတ်လပ်ရေး ပန်းခြံကျောက်တိုင်ကွင်း၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နှင့် ပတ်ဝန်းကျင်ဒေသများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက လားရှိုးမြို့ရှိလွတ်လပ်ရေးပန်းခြံကျောက်တိုင်ကွင်း၌ စုဝေးကြပြီး သံဃာတော်များနှင့် မြို့မိမြို့ဖများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန် လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။

ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက "အမျိုးဘာသာသာသနာအား ဖျက်ဆီးသည့် အကြမ်းဖက်အဖွဲ့များ အလိုမရှိ ဘာသာအကျိုး ဒို့သည်ပိုး၊ အချုပ်အခြာအာဏာကို ထိပါးစော်ကားသော ပြည်ဖျက် မိစ္ဆာများအား ဆန့်ကျင်ကြ၊ အကြမ်းဖက်သမားများ ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်လာလိမ့်မည်" ဟူသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆောက်ချျပေါက်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့သဖြင့် နေအိမ် ၁၀ လုံးကျော် မီးလောင်ခဲ့ကြောင်း ကောလာဟလသတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဇန်နဝါရီ ၁၁

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆောက်ချျပေါက်ကျေးရွာ အတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၉ ရက်တွင် ပစ်ခတ်ဝင်ရောက်ပြီး မီးရှို့ဖျက်ဆီးခြင်းကြောင့် နေအိမ် ၁၀ လုံးကျော် မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက ကောလာဟလသတင်းအမှားများကို လုပ်ကြံရေးသားပြီး လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဇန်နဝါရီ ၉ ရက်တွင် ဆောက်ချျပေါက်ကျေးရွာနှင့် အနီးဝန်းကျင်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်ခဲ့ခြင်း မရှိပါကြောင်းနှင့် နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်းများ မရှိကြောင်း၊ ကောလာဟလ သတင်းအမှားများသာ ဖြစ်ပါကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် ကောလဟလသတင်းများကို လုပ်ကြံရေးသားပြီး ပြည်သူများအား ကြောက်ရွံ့ထိတ်လန့်စေရန် သတင်းအဆိပ်ခတ်ခြင်းနှင့် အကြမ်းဖက်သမားများမှ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လာရန် လှုံ့ဆော်ရေးသားဝါဒဖြန့်ခြင်းတို့ဖြင့် နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ထိခိုက်စေရန် သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် အရပ်သား သုံးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်သတ်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက် စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၁

ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် ဇန်နဝါရီ ၉ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက လူသားဒိုင်းကာအဖြစ် ခေါ်ဆောင်သွားသည့် အရပ်သား သုံးဦးကို ပစ်သတ်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရာတွင် ချမှတ်ထားသည့် စစ်ပွဲဆိုင်ရာ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိကာ စစ်ရေးရည်မှန်းချက်များကိုသာ တိုက်ခိုက်ပြီး အရပ်သားပြည်သူများကို လူ့အခွင့်အရေးများနှင့်အညီ ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများမှ ပြည်သူများအား ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းမှားများကို လုပ်ကြံ





ရေးသားကာ သွေးခွဲသပ်လျှိုလျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ အရပ်သားများ သတ်ဖြတ်ခြင်း၊ နေအိမ်များ မီးရှို့ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

(၉၅ ဒီ ၂၁ ဒသမ ၉ မိနစ်) ၌ အလျား ၅၄ ပေ ၁၀ လက်မ၊ အနံ ၁၁ ပေ၊ ရေစူး ၄ ပေခန့်အရွယ် (သစ်သားကိုယ်ထည်) ရန်လင်းကျော် (၄) အမည်ရှိ စက်လှေအား စစ်ဆေးရှာဖွေရာ အဆိုပါစက်လှေပေါ်တွင် အောင်သိန်း (ခ) ဝတုတ်၊ တူးနိုင်၊ မောင်ဇော်နှင့် ဖိုးလပြည့်တို့ လေးဦးနှင့်အတူ ဒေသကာလ တန်ဖိုးငွေကျပ် ၃၆ ဒသမ ၂၅ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၁ ဒသမ ၄၅ တန် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ ဇန်နဝါရီ ၇ ရက် ည ၁၁ နာရီခွဲတွင် အိုက်စ်(မက်သ်အဖက်တမင်း)များ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ စိုးကျော် (ခ) စိုးစိုးကျော်အား တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ကမ်းနီးတံတားတိုဆိပ်ကမ်းတွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း) များကို ဟိုင်းကြီးကျွန်းမြို့၏ အရှေ့တောင်ဘက် ၁၃၅ မိုင်ခန့်အကွာ ပင်လယ်ပြင်မှ ကော့သောင်းရေပိုင်နက်သို့ သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် ပြည်ပသို့ဆက်လက်ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် အိုက်စ် (မက်သ်အဖက်တမင်း) များ တာဝန်ခံသယ်ဆောင်သူများဖြစ်သည့် ချစ်ထူးနိုင်(ခ) ဆရာချစ် နှင့် ကျော်ဇင်ဦး တို့ပါ တရားခံ ခုနစ်ဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




အိုက်စ်(မက်အဖက်တမင်းများ) ဖမ်းဆီးရမိသည့် နေရာပြမြေပုံ

▼ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တစ်ပတ်ကျော် စတင်လေ့ကျင့်ခြင်းဖြစ်ပြီး ကစားသမား စုံလင်ခြင်းမရှိသော်လည်း ကစားသမား ၂၈ ဦး ရွေးချယ်ထားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဇန်နဝါရီ ၁၀ ရက်မှ ၂၀ ရက်အထိ ပထမအကြိမ် လေ့ကျင့်ခြင်းဖြစ်သည်။ ပထမအကြိမ် လေ့ကျင့်ရန် ကစားသမား ၂၈ ဦး ရွေးချယ်ထားပြီး ပြည်ပကလပ်များတွင် ကစားနေသူအချို့နှင့် ဒဏ်ရာရနေသူများ ပါဝင်လာခြင်းမရှိသေးဘဲ ဒုတိယအကြိမ် လေ့ကျင့်မှသာ လာရောက်ပူးပေါင်းမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဆီးရီးယားအသင်းနှင့် အိမ်ကွင်း၊ အဝေးကွင်း နှစ်ပွဲကစားရမည်ဖြစ်သည်။

ယခုလေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ဂိုးသမား-ကျော်ဇင်ဖြိုး၊ ဆန်းဆက်နိုင်၊ ပြည့်ဖြိုးသူ၊ ဇင်ညီညီအောင်၊ နောက်တန်း-သက်ဟိန်းစိုး၊ သီဟထက်အောင်၊ ရဲမင်းသူ၊ ဟိန်းဇေယျာလင်း၊ လတ်ဝေဘုန်း၊ ငြိမ်းချမ်း၊ ကောင်းထက်ပိုင်၊ ဖွဲ့ခန့်မင်း၊ ဖွဲ့ထက်မင်း၊ အလယ်တန်း-ခွန်ကျော်ဇင်ဟိန်း၊ မောင်မောင်လွင်၊ ဥက္ကာနိုင်၊ မြတ်ကောင်းခန့်၊ လင်းထက်စိုး၊ ဟိန်းထက်အောင်၊ ဇော်ဝင်းသိန်း၊ ဝေလင်းအောင်၊ အာကာကျော်၊ အောင်နိုင်ဝင်း၊ ရန်နိုင်ဦး၊ ကျော်မင်းဦး၊ ရှေ့တန်း-ကျော်ကိုကို၊ ဝင်းနိုင်ထွန်းနှင့် သူရိန်ထွန်းတို့ ပါဝင်ကြသည်။ ယခုလေ့ကျင့်မည့် ကစားသမားစာရင်းတွင် ထိုင်းကလပ်များတွင် ကစားနေသူများအနက် အောင်သူ၊ အောင်ကောင်းမာန်၊ သန်းပိုင်၊ အီစိုး၊ လွင်မိုးအောင်၊ ဟိန်းဖြိုးဝင်း၊ ကမ္ဘောဒီးယားလိဂ်မှ စိုးမိုးကျော်၊ သီဟဇော်၊ ဘူတန်လိဂ်မှ အောင်ကျော်နိုင်၊ ဒဏ်ရာရှိနေသည့် ပြည်တွင်းလိဂ်မှ နန္ဒကျော်၊ ထက်ဖြိုးဝေ၊ နေမိုးနိုင်တို့ မပါဝင်နိုင်သေးဘဲ ဒုတိယအကြိမ် လေ့ကျင့်မှုမှသာ လာရောက်ပူးပေါင်းမည်ဖြစ်သည်။

**သတင်း - ရဲရင့်လွင်**
**ဓာတ်ပုံ-MFF**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား

စိုးမိုးဝင်း

**ကမ္ဘာပေါ်ရှိ ကြွယ်ဝချမ်းသာနေကြသောနိုင်ငံများကို လေ့လာသုံးသပ်ကြည့်လျှင် ၎င်းနိုင်ငံများသည် စိုက်ပျိုးရေးကဏ္ဍကို ကောင်းစွာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြသည့်အပြင် နိုင်ငံ၏ စက်မှုနိုင်ငံထူထောင်ရေးတွင်လည်း စိုက်ပျိုးရေးကဏ္ဍသည် အထောက်အပံ့ကောင်းတစ်ခုဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ကြကြောင်း လေ့လာတွေ့ရှိရပါသည်။ စီးပွားရေးနှင့်အတွေးအခေါ် ပညာရှင်ဖြစ်ပြီး နိုင်ငံများ၏ကြွယ်ဝချမ်းသာမှု (The Wealth of Nations) စာအုပ်ကို ရေးသားခဲ့သူ အဒမ်(မ်)စမစ်(သ်) (Adam Smith) ဆိုသူသည် "စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားခြင်းနှင့် နိုင်ငံ၏ကြွယ်ဝချမ်းသာမှုတို့အကြား ထင်ရှားသော ဆက်နွယ်မှုတစ်ခု" ရှိကြောင်းဖော်ပြခဲ့သည်။ လယ်ယာမြေတွင် စိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်စေခြင်းအားဖြင့် မိသားစုတစ်စု၏လုပ်အားသည် မိသားစုနှစ်စုအတွက် အစားအစာကို ထောက်ပံ့ပေးနိုင်သောအခါ လူ့အဖွဲ့အစည်းတစ်ဝက်၏ လုပ်အားသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို အစားအစာထောက်ပံ့ပေးရန် လုံလောက်ပါသည်။ ထို့ကြောင့် အခြားတစ်ဝက် သို့မဟုတ် လူ့အဖွဲ့အစည်းထဲမှအများစုသည် အခြားအရာများကို ထောက်ပံ့ရန် သို့မဟုတ် အခြားလိုအပ်ချက်များနှင့် လူသားတို့စိတ်ကူးယဉ်နေသောအရာများကို ကျေနပ်စေရန်အတွက် အလုပ်လုပ်နိုင်ပါသည်။**

နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားကြသောနိုင်ငံတို့သည် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ကြိုးစားဆောင်ရွက်ကြပါသည်။ လယ်ယာလုပ်ငန်းတွင် ကုန်ထုတ်လုပ်မှုစွမ်းအား မြင့်မားလာခြင်းသည် အခြားကဏ္ဍများအတွက် အလုပ်သမားများကို ဖြန့်ဖြူးပေးပြီး လုံလောက်သော အစားအစာနှင့် စက်မှုကုန်ထုတ်လုပ်ခြင်းအတွက် ကုန်ကြမ်းပစ္စည်းများကိုလည်း ထောက်ပံ့ပေးနိုင်ပါသည်။ စိုက်ပျိုးရေးတွင် အလုပ်သမားတို့၏ ကုန်ထုတ်လုပ်မှုနှုန်း ကြီးထွားမှုသည် စက်မှုနိုင်ငံများတွင် စီးပွားရေးဆိုင်ရာ အခြားကဏ္ဍများထက် ပိုမိုများပြားပါသည်။ ၁၉၆၇-၁၉၆၈ ခုနှစ်မှ ၁၉၈၃-၁၉၈၄ ခုနှစ်အထိ စက်မှုနိုင်ငံ ၁၈ နိုင်ငံမှ ၁၇ နိုင်ငံကို အချက်အလက်ကောက်ယူခဲ့ရာ စိုက်ပျိုးရေး၏ နှစ်စဉ်ကြီးထွားမှုနှုန်းသည် ၄ ဒသမ ၃ ရာခိုင်နှုန်းဖြစ်၍ အခြားကဏ္ဍများသည် ၂ ဒသမ ၆ ရာခိုင်နှုန်းဖြစ်နေပါသည်။ ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှုနှုန်းတိုးတက်မှုသည် ခေတ်သစ်လူ့အဖွဲ့အစည်းတွင် အလုံးစုံသော စီးပွားရေးဆိုင်ရာ ကောင်းကျိုးချမ်းသာများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကကျသော အရင်းအမြစ်တစ်ခုဖြစ်ပါသည်။

ကမ္ဘာတစ်လွှားရှိ ဖွံ့ဖြိုးတိုးတက်မှု သမိုင်းများကို လေ့လာကြည့်လျှင် "စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ခြင်းနှင့် စိုက်ပျိုးရေးထုတ်ကုန်များ ပိုလျှံအောင် ထုတ်လုပ်နိုင်ခြင်းသည် စက်မှုလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် လောင်စာကဲ့သို့ မရှိမဖြစ်လိုအပ်သော အရာတစ်ခု ဖြစ်သည်" ဟူသောအချက်ကို ထင်ရှားစွာ တွေ့နိုင်ပါသည်။ ဥရောပအနောက်ပိုင်း၊ အမေရိကန်နှင့် ဂျပန်နိုင်ငံ၊ ၎င်းတို့နောက် တိုးတက်လာသည့် ထိုင်ဝမ်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံများ၏ စက်မှုနိုင်ငံထူထောင်ရေးအစ အစောပိုင်းအဆင့်များတွင် အစားအစာဈေးနှုန်းများ လျှော့ချနိုင်ခြင်းသည် စက်မှုလုပ်ငန်းများတွင် အလုပ်သမားများ တိုးလာရန်အတွက် မရှိမဖြစ်လိုအပ်ချက်တစ်ခု ဖြစ်ကြောင်း သက်သေပြပြီး ဖြစ်ပါသည်။

ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားမှသာ နိုင်ငံတော်၏ စီးပွားရေးမြင့်မားလာမည် ဖြစ်သကဲ့သို့ စိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည် ဟူသောအချက်ကို ငြင်းဖွယ်မရှိပါ။ ရှေးယခင်အချိန်ကာလများကတည်းက ယဉ်ကျေးမှုအားလုံးတွင် အမှားကင်းသော စိုက်ပျိုးရေးမူဝါဒပေါ်လစီများ၏ အရေးပါမှုကို အသိအမှတ်ပြုခဲ့ကြသည်။ ဘီစီ ၆ ရာစုတွင် တရုတ်နိုင်ငံမှ Lao Tze ဆိုသူသည် "ပြည်သူလူထုကို လွှမ်းမိုးရန်နှင့် ကောင်းကင်ဘုံကို အလုပ်အကျွေးပြုစုရန်အတွက် စိုက်ပျိုးရေးထက် ပိုမိုအရေးကြီးသောအရာ ဘာတစ်ခုမှမရှိပါ" ဟူ၍ ရေးသားခဲ့ဖူးပါသည်။

**နိုင်ငံ့စီးပွား မြှင့်တင်ရေး**

မြန်မာနိုင်ငံ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ်ဘီလီယံ ၄၀၀ ကို နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး နိုင်ငံ့စီးပွားရေးမြှင့်တင်နိုင်ရေးအတွက် အသုံးပြုနိုင်ရန် စီမံဆောင်ရွက်လျက်ရှိ၍ ထိုသို့ဆောင်ရွက်ရာတွင် လယ်ယာစီးပွားမြှင့်တင်ရေးနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ စီးပွားရေးမြှင့်တင်ရေးဟူ၍ နှစ်မျိုးခွဲမြှင့်တင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

လယ်ယာစီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန် စိုက်ပျိုးရာသီနှင့် ကိုက်ညီမှုရှိသည့် နွေစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးရေး၊ နိုင်ငံ၏ အဓိကပြည်ပပို့ကုန်တစ်ခုဖြစ်သည့် ပဲတီစိမ်းစိုက်ပျိုးရေး၊ စားသုံးဆီဖူလုံရေးအတွက် နေကြာတိုးချဲ့စိုက်ပျိုးရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**စိုက်ပျိုးထုတ်လုပ်မှု စွမ်းအား**

လယ်ယာစီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြရာတွင် တစ်ဧကအထွက်နှုန်းနှင့် တောင်သူလယ်သမားတစ်ဦးချင်းစီ၏ ထုတ်လုပ်နိုင်မှုစွမ်းအားကို တိုးတက်အောင်ကြိုးစားကြပါသည်။ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား တိုးတက်စေရန် စဉ်းစားရာတွင် ထုတ်လုပ်မှုစွမ်းအားသုံးမျိုးကို ဦးစွာ စဉ်းစားသင့်ပါသည်။ ၎င်းတို့မှာ လုပ်သားတစ်ဦးချင်းစီ၏ ထုတ်လုပ်မှုစွမ်းအား (Labor Productivity)၊ မြေယာ၏ထုတ်လုပ်မှုစွမ်းအား (Land Productivity) နှင့် စုစုပေါင်းထုတ်လုပ်မှုစွမ်းအား (Total Productivity) တို့ ဖြစ်သည်။




ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ်အတွင်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၆ ရက် ဆောင်းသီးနှံ မြေပဲ (မကွေး-၁၁) မျိုးစေ့ ထောက်ပံ့ပေးအပ်စဉ်။

လုပ်သားတစ်ဦးချင်းစီ၏ ထုတ်လုပ်မှုစွမ်းအားကို ကြည့်လျှင် မြန်မာက ဒေါ်လာ ၃၀၀ ဝန်းကျင်၊ မလေးရှားက ဒေါ်လာ ၁၁၃၇၀ နှင့် အာဆီယံနိုင်ငံများမှ ၁၃၂၈ ဒေါ်လာအထိ လုပ်သားတစ်ဦးချင်းစီမှ ထုတ်လုပ်နိုင်ပါသည်။ မြေယာ၏ထုတ်လုပ်မှုစွမ်းအားကို နှိုင်းယှဉ်ကြည့်လျှင် တစ်ဟက်တာမှာ မြန်မာက ၄၅၁ ဒေါ်လာ၊ မလေးရှားက ၂၃၆၉ ဒေါ်လာ၊ ဗီယက်နမ်က ၁၉၇၈ ဒေါ်လာ၊ ထိုင်းက ၁၅၂၇ ဒေါ်လာ၊ လာအိုက ၈၂၂ ဒေါ်လာ၊ ကမ္ဘောဒီးယားက ၆၂၇ ဒေါ်လာနှင့် အာဆီယံနိုင်ငံများ၏ ပျမ်းမျှမှာ ၁၄၉၂ ဒေါ်လာ ထုတ်လုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ကျွန်တော်တို့နိုင်ငံတွင် လုပ်သားတစ်ဦးချင်းစီ၏ ထုတ်လုပ်မှုစွမ်းအားနှင့် မြေယာ၏ ထုတ်လုပ်မှုစွမ်းအားတို့ကို တိုးတက်လာစေရန် ကြိုးစားဖို့ အလွန်လိုအပ်ပါသည်။ အခြားကဏ္ဍများထက် ဤကဏ္ဍနှစ်ခုကို ကောင်းစွာတိုးတက်အောင် ဆောင်ရွက်နိုင်လျှင် စုစုပေါင်းစိုက်ပျိုးထုတ်လုပ်မှု တန်ဖိုးသည်လည်း မြင့်မားလာပါမည်။

လုပ်သားတစ်ဦးချင်းစီ၏ ထုတ်လုပ်မှုစွမ်းအား တိုးတက်လာစေရန်အတွက် စက်မှုလယ်ယာစနစ်ကို ဖော်ဆောင်ရပါမည်။ စိုက်ပျိုးရေးတွင် မြေယာပြုပြင်ခြင်း၊ ပေါင်းမြက်နှိမ်နင်းခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ မြေသြဇာကျွေးခြင်း၊ ရိတ်သိမ်းခြင်း စသည့်ကဏ္ဍများအလိုက် လုပ်သားများအစား စက်ကိရိယာပစ္စည်းများ အသုံးပြုနိုင်အောင် ကြိုးစားဆောင်ရွက်ကြရမည်။ စက်ကိရိယာများ ကြိုးစားတီထွင်ထုတ်လုပ်ရန် လိုအပ်သလို တောင်သူများ ဈေးနှုန်းသက်သက်သာသာဖြင့် အလွယ်တကူ အသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထို့ကြောင့် စက်မှုလယ်ယာ ကူးပြောင်းရေးအတွက် ကောင်းမွန်သော စီမံခန့်ခွဲမှုစနစ်များနှင့် လုံလောက်သောငွေကြေးများ လိုအပ်ပါသည်။

မြေယာ၏ ထုတ်လုပ်မှုစွမ်းအားကို တိုးတက်လာစေရန်အတွက် အသုံးပြုကြသည့် နည်းလမ်းမှာ မြေယာတိုးချဲ့ခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် စိုက်ပျိုးဧရိယာ တိုးချဲ့ခြင်းဖြစ်ပါသည်။ သို့သော် မြေယာတိုးချဲ့ခြင်းသည် တစ်ဧက၏ ထုတ်လုပ်မှုစွမ်းအားကို တိုးချဲ့ခြင်းမဟုတ်ပါ။ မြေယာတစ်ဧကမှ ထုတ်လုပ်မှုစွမ်းအားတိုးတက်လာစေရန် အထွက်ကောင်းမျိုးများအသုံးပြုမှု၊ မြေသြဇာကို သင့်တော်စွာ အသုံးပြုမှု၊ ရေသွင်းစနစ်စီမံခန့်ခွဲမှု စသည့်လုပ်ငန်းများကို ကောင်းစွာစီမံခန့်ခွဲခြင်းဖြင့် ဆောင်ရွက်နိုင်ပါသည်။

လုပ်သားတစ်ဦးချင်းစီ၏ ထုတ်လုပ်မှုစွမ်းအားနှင့် မြေယာ၏ထုတ်လုပ်မှုစွမ်းအားတို့ တိုးတက်လာလျှင် စုစုပေါင်းထုတ်လုပ်မှုသည်လည်း တိုးတက်လာပါသည်။ ထို့အပြင် စုစုပေါင်းထုတ်လုပ်မှု တိုးတက်ရန်အတွက် တစ်ဧကအတွင်း သီးနှံမျိုးစုံ စိုက်ပျိုးခြင်းကိုလည်း ဆောင်ရွက်နိုင်ပါသည်။ တစ်ဧကမှာ စပါးတစ်သီးစိုက်ပျိုးလျှင် တစ်မျိုးပဲရပြီး စပါး-ပဲ နှစ်မျိုးစိုက်လျှင် နှစ်မျိုးရ၍ စပါး-ပဲ-စပါး သုံးသီးစိုက်ပျိုးလျှင် သုံးမျိုးရမည်။ သီးထပ်များများစိုက်နိုင်လေလေ တစ်ဧကမှ ထုတ်လုပ်မှု တိုးလာလေလေဖြစ်သည်။ အလားတူအရေအတွက် တိုးသကဲ့သို့ အရည်အသွေးလည်း တိုးလာအောင် ဆောင်ရွက်နိုင်သည်။ တစ်ဧကမှ ထုတ်လုပ်သည့် သီးနှံ၏အရည်အသွေးကို တိုးတက်အောင် ဆောင်ရွက်နိုင်လျှင်လည်း ရောင်းချသည့်အခါ ဝင်ငွေတိုးလာပြီး စုစုပေါင်းထုတ်လုပ်မှု တိုးတက်လာပါသည်။

**စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး**

တောင်သူဦးကြီးများအနေဖြင့် မိမိတို့စိုက်ပျိုးကြသည့်သီးနှံတိုင်းတွင် လုပ်သားတစ်ဦးချင်းစီ၏ ထုတ်လုပ်မှုစွမ်းအား တိုးမြှင့်နိုင်ရေး၊ မြေယာ၏ ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးနှင့် စုစုပေါင်းထုတ်လုပ်မှုစွမ်းအားမြင့်မားရေးတို့ကို အဓိကထားပြီး အထူးဂရုစိုက် ဆောင်ရွက်သင့်ပါသည်။ သို့မှသာ မြေယာတစ်ဧကမှ စုစုပေါင်းထုတ်လုပ်မှု မြင့်မားပြီး ဝင်ငွေတိုးပွားကာ မိမိတို့၏လယ်ယာစီးပွားရေးကို မြှင့်တင်နိုင်မည်ဖြစ်သည်။ တောင်သူတစ်ဦးချင်းစီမှ မိမိတို့လယ်ယာစီးပွားရေးကို မြှင့်တင်နိုင်လျှင် နိုင်ငံတော်မှ ရည်မှန်းထားသော နိုင်ငံ့စီးပွားရေးသည်လည်း *စာမျက်နှာ ၁၇ သို့*

**❂ လုပ်သားတစ်ဦးချင်းစီ၏ ထုတ်လုပ်မှုစွမ်းအားနှင့် မြေယာ၏ထုတ်လုပ်မှုစွမ်းအားတို့ တိုးတက်လာလျှင် စုစုပေါင်းထုတ်လုပ်မှုသည်လည်း တိုးတက်လာပါသည်။ ထို့အပြင် စုစုပေါင်းထုတ်လုပ်မှု တိုးတက်ရန်အတွက် တစ်ဧကအတွင်း သီးနှံမျိုးစုံစိုက်ပျိုးခြင်းကိုလည်း ဆောင်ရွက်နိုင်ပါသည်။ တစ်ဧကမှာ စပါးတစ်သီးစိုက်ပျိုးလျှင် တစ်မျိုးပဲရပြီး စပါး-ပဲ နှစ်မျိုးစိုက်လျှင် နှစ်မျိုးရ၍ စပါး-ပဲ-စပါး သုံးသီးစိုက်ပျိုးလျှင် သုံးမျိုးရမည်။ သီးထပ်များများစိုက်နိုင်လေလေ တစ်ဧကမှ ထုတ်လုပ်မှု တိုးလာလေလေဖြစ်သည်။ အလားတူအရေအတွက် တိုးသကဲ့သို့ အရည်အသွေးလည်း တိုးလာအောင်ဆောင်ရွက်နိုင်သည်။ တစ်ဧကမှ ထုတ်လုပ်သည့် သီးနှံ၏အရည်အသွေးကို တိုးတက်အောင် ဆောင်ရွက်နိုင်လျှင်လည်း ရောင်းချသည့်အခါ ဝင်ငွေတိုးလာပြီး စုစုပေါင်းထုတ်လုပ်မှု တိုးတက်လာပါသည်**

# နွေစပါးစိုက်ပျိုးရန်အတွက် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေတင် ဆောင်ရွက်နေမှု တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှု

**ပုသိမ် ဇန်နဝါရီ ၁၁**
ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ကျုံပျော်ခရိုင်နှင့် မြောင်းမြခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇန်နဝါရီ ၁၀ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျုံပျော်ခရိုင် ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာအုပ်စုရှိ တောင်သူ ဒေါ်သိန်းသိန်း၏ လယ်မြေ ၅ ဒသမ ၁၄ ဧကတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဇဟိုဌာန(မြောင်းမြ)နှင့် United Ayeyarwaddy Development Public Company Limited တို့ ပူးပေါင်းဆောင်ရွက်သော ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါး ခတုကင်းလွတ် ရေကြည်ပေါ်ဆန်း စံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်ကာ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး တောင်သူများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ခတုကင်းလွတ် ရေကြည်ပေါ်ဆန်း စိုက်ပျိုးမှုအခြေအနေများ၊ သဘာဝမြေသြဇာ သုံးစွဲမှုနှင့် မြေဆီမြေသြဇာအကျိုးပြုမှုအခြေအနေများနှင့် အထွက်နှုန်းတိုးတက်စေရေးဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ပြီး စပါးရိတ်သိမ်းပြီးပါကဒုတိယသီးနှံများ ထပ်မံစိုက်ပျိုးစေရေး၊ ရိုးပြတ်ကျန်များမရှိစေရေး၊ သီးထပ်စွမ်းအား မြှင့်တင်စေရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေး ဆောင်ရွက်ရန် မှာကြားခဲ့ပြီး တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာတွင် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါး ခတုကင်းလွတ် ရေကြည်ပေါ်ဆန်းစပါးကို ဧက ၂၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း သိရသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်သူ ဦးကံဝင်း လယ်မြေ၁၀ ဧကတွင် နွေစပါးစိုက်ပျိုးရန်အတွက် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေတင်ဆောင်ရွက်နေမှုကို ကြည့်ရှုကာ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေတင်ခြင်းဖြင့် ကုန်ကျစရိတ်သက်သာမှုနှင့် စိုက်ပျိုးရေတင်ယူ အသုံးပြုနိုင်သည့် အခြေအနေများ မေးမြန်းခဲ့ပြီး ဆိုလာစနစ်ကိုတောင်သူအား ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုစေရေး မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**





# မွန်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ အလှူငွေများ ပေးအပ်

**မော်လမြိုင် ဇန်နဝါရီ ၁၁**
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မွန်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ အလှူငွေများ လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက်က မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက် ဓမ္မသုခ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ပြုလုပ်ရာ ဦးစွာ ပြည်နယ် ဝန်ကြီးချုပ်နှင့် တက်ရောက်လာသော ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက် ဓမ္မသုခ ဘုန်းတော်ကြီးသင် ပညာရေးမူလွန်ကျောင်းဥက္ကဋ္ဌ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တနာရဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ပြည်နယ် ဝန်ကြီးချုပ်က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဓမ္မသုခကျောင်းရှိ ကျောင်းသား ကျောင်းသူ ၁၄၅ ဦးအတွက် လှူဒါန်းငွေကျပ် ၄၃ သိန်း ၅ သောင်းကို လည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသော စားသုံးဆီဘူး ၁၀၀ နှင့် ခေါက်ဆွဲခြောက်ဖာ ၁၀၀ ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနက နယ်စပ်ဒေသများတွင် ဘာသာ သာသနာ ထွန်းကားပြန့်ပွားရေးအတွက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကိုထောက်ပံ့လှူဒါန်းလျက်ရှိရာ ယခုနှစ်တွင် မွန်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ငါးကျောင်းရှိ ကျောင်းသား ကျောင်းသူ ၆၅၁ ဦးအတွက် ငွေကျပ် ၁၉၅ သိန်း ၅ သောင်း ၃ ထောင်ကို ပေးအပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**စည်သူ**

**(ပြန်/ဆက်)**

# မင်းဘူးမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**မင်းဘူး ဇန်နဝါရီ ၁၁**
မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မင်းဘူးမြို့ ပညာအလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းပြီး ယနေ့ခေတ်ကျောင်းသားလူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကျင်းပသည့် လူငယ်စကားဝိုင်းကို ဇန်နဝါရီ ၁၀ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်ပြန်/ဆက်ဝန်ထမ်းများ၊ ယင်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

အခမ်းအနားတွင် မင်းဘူးမြို့ ပညာအလင်းရောင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ စီမံအုပ်ချုပ်သူ ဆရာမကြီး ဒေါ်ခင်ဝင်းမြင့်သိန်းက အမှာစကားပြောကြားပြီးနောက် လူငယ်စကားဝိုင်းကိုကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်နှင့် ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ယဉ်ကျေးမှုတန်ဖိုး၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စာဖတ်ခြင်းအကျိုးကျေးဇူး စသည့်ခေါင်းစဉ်များဖြင့် ဝိုင်းဖွဲ့ ဆွေးနွေးခဲ့ကြသည်။ **မောင်မောင်(မင်းဘူး)**

*စာမျက်နှာ ၁၆ မှ*
ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် တောင်သူလယ်သမားများ၏ လယ်ယာစီးပွားရေး မြင့်မားလာရေးသည် အဓိကအရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေရာ စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု စွမ်းအားမြင့်မားစေရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် သီးနှံအလိုက် သတ်မှတ်ထားသည့် စိုက်ပျိုးကေပြည့်မီရေး ဆောင်ရွက်ခြင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ခြင်း၊ စိုက်ပျိုးသီးနှံများအလိုက် သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်ပြည့်မီစေရေး ပညာပေးခြင်း၊ သီးနှံအလိုက်သတ်မှတ်ထားသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices-GAP) နှင့်အညီ စိုက်ပျိုးနိုင်ရေး လေ့ကျင့်သင်တန်းပေးခြင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဝင်တောင်သူဦးကြီးများအား မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊ ရုံးချုပ်စိုက်ပျိုးရေးပညာရှင်များက မြို့နယ်များတွင် နည်းပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း စသည်တို့ဖြင့် တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာစီးပွားရေးမြင့်မားလာရေးအတွက် ကူညီပေးလျက်ရှိပါသည်။

တောင်သူများအတွက် နည်းပညာပေးဆွေးနွေးပွဲများတွင်လည်း ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် အရည်အသွေးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းနှင့် မျိုးကောင်းမျိုးသန့်များကို လဲလှယ်သုံးခြင်း၊ သင့်တော်သည့် မြေအမျိုးအစားနှင့် မြေသြဇာအသုံးပြုမှုနှုန်းထားများကို ရှင်းလင်းသင်ကြားပေးခြင်း၊ သီးနှံများတွင် ကျရောက်တတ်သော အင်းဆက်ဖျက်ပိုးများ၊ ရောဂါများနှင့် ဘက်စုံသီးနှံကာကွယ်ရေးနည်းစနစ်များကို သင်ကြားပေးခြင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရန် လုပ်ဆောင်ရမည့် စိုက်ပျိုးရေးနည်းစနစ်များ၊ သီးနှံပုံစံများအတိုင်း တစ်နှစ်လျှင် နှစ်သီးထပ်၊ သုံးသီးထပ်စိုက်ပျိုးနည်းများ စသည်တို့ကို တောင်သူများအား စာတွေ့သင်ကြားပေးခြင်းနှင့်အတူ လက်တွေ့စိုက်ကွင်းထဲ၌ သင်ကြားပြသခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေးဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးမှု၊ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ၊ အသိပညာများ ဖြန့်ဝေပေးမှုတို့သည် အရေးကြီးသကဲ့သို့ လက်တွေ့စိုက်ပျိုးရေးကို ဆောင်ရွက်နေကြသော တောင်သူဦးကြီးများသည်လည်း နည်းလမ်းမှန်ကန်စွာဖြင့် စိုက်ပျိုးရေးသည်လည်း အလွန်အရေးကြီးပါသည်။ ထို့အတူ ထွက်ရှိလာသော စိုက်ပျိုးသီးနှံထုတ်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ရေးသည် အလွန်အရေးကြီးသောနေရာမှ ပါဝင်နေပါသည်။ သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် မျိုးစေ့မြေမကျခင် မြေပြုပြင်သည့်အချိန်မှစတင်၍ သီးနှံရိတ်သိမ်းသည်အထိ ကာလတစ်လျှောက်လုံး တောင်သူလယ်သမားဦးကြီးများသည် နဖူးကချွေး ခြေမထိကျအောင် ကြိုးစားစိုက်ပျိုးထုတ်လုပ်ကြသကဲ့သို့ နိုင်ငံတစ်ဝန်းရှိ စိုက်ပျိုးရေးပညာရှင်များသည်လည်း နေပူမရှောင် မိုးရွာမရှောင် တောင်သူလယ်သမားဦးကြီးများအတွက် စိုက်ပျိုးရေးနည်းပညာ၊ အသိပညာများကို သင်တန်းပေးခြင်း၊ ဟောပြောပွဲများပြုလုပ်ပေးခြင်း၊ စာအုပ်၊ စာစောင်များ ဖြန့်ဝေခြင်း စသည့် နည်းလမ်းမျိုးစုံဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးသူ တောင်သူလယ်သမားဦးကြီးများနှင့် စိုက်ပျိုးရေးပညာရှင်များ ပူးပေါင်းဆောင်ရွက်အားထုတ်မှုများကြောင့် စိုက်ပျိုးထုတ်လုပ်မှု စွမ်းအားမြင့်မားလာပြီး နိုင်ငံ့စီးပွားရေးသည်လည်း မြင့်မားလာမည်ဟု ယုံကြည်မိပါသည်။ ။

# မကွေးပြည်သူ့ဆေးရုံကြီး၌ လာရောက်ဆေးကုသနေသော ပြည်သူများအား အာဟာရပစ္စည်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်

**မကွေး ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီးအတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များ ခွဲစိတ်ကုသခြင်းနှင့် မေးရိုးနှင့်ခံတွင်း ခွဲစိတ်ကုသဆောင်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က မကွေးပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်ဇနီး၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ဝင်းဝင်းမြင့်၊ လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းတို့က မေးရိုးနှင့်ခံတွင်း ခွဲစိတ်ကုသဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ခွဲစိတ်ပေးသော အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ခွဲစိတ်ပြီးသော နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု၍ အာဟာရပစ္စည်းများ ထောက်ပံ့ပေးခြင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး သွားနှင့်ခံတွင်းဌာနသို့ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ထောက်ပံ့ပေးထားသော Dental Chair ကို ကြည့်ရှုသည်။

မကွေးပြည်သူ့ဆေးရုံကြီးတွင် ဇန်နဝါရီ ၈ ရက်မှစတင်ပြီး နေပြည်တော်မှ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများအပြင် ရန်ကုန်၊ မော်လမြိုင်၊ လွိုင်လင်နှင့် မကွေးမြို့တို့မှ အထူးကုဆရာဝန်ကြီးများ ပူးပေါင်းကာ တိုင်းဒေသကြီးအတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ် ၁၂၄ ဦး အနက် ၄၆ ဦးကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ကလေးငယ်များကိုလည်း အပတ်စဉ် ခွဲစိတ်ကုသပေးမည်ဖြစ်ကာ ခွဲစိတ်ကုသသည့်လူနာများ အဆင်ပြေစေရန်အတွက် ခုတင် (၅၀)ဆံ့ မေးရိုးနှင့်



ခံတွင်းခွဲစိတ်ကုသဆောင်ကို ယခုကဲ့သို့ ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအနေဖြင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးငယ်များ တွေ့ရှိပါက မကွေးပြည်သူ့ဆေးရုံကြီးရှိ သွားနှင့်ခံတွင်းဌာနကို လာရောက်ပြသနိုင်ကြောင်း သိရသည်။

**အောင်ကို (ပြန်/ဆက်)**

# မွန်ပြည်နယ်အတွင်း အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များထုတ်လုပ်ပြီး တောင်သူများ ဝင်ငွေတိုးစေရန် ဆောင်ရွက်ပေးလျက်ရှိ

**မော်လမြိုင် ဇန်နဝါရီ ၁၁**

နွေစပါးသီးနှံကို ကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာများဖြင့် စိုက်ပျိုးပြသခြင်း ကွင်းသရုပ်ပြပွဲနှင့် မြေသြဇာထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က ရွာတန်းရှည်ကျေးရွာအုပ်စု တောင်သူ ဦးဟန်ဝင်းအောင် လယ်မြေ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။



မွန်ပြည်နယ်ဝန်ကြီးချုပ် လယ်ယာသုံးစက်ကိရိယာများ ခင်းကျင်းပြသထားမှု ကြည့်ရှုစဉ်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ပေါင်မြို့နယ် ဦးစီးမှူးက ပေါင်မြို့နယ်၏ ဆောင်းသီးနှံ/နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို လည်းကောင်း၊ မြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးက နွေစပါးသီးနှံကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းနှင့်မျိုးစေ့ချ ကိရိယာဖြင့် စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို လည်းကောင်း၊ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ကတိုက်ရေလှောင်တမံနှင့် ရင်းငြိမ်ရေထိန်းတံခါးတို့မှ ဆည်ရေပေးဝေမှုနှင့် ရေထိန်းတံခါးမှ ရေသိုလှောင်ထားရှိမှု အခြေအနေတို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လုပ်သားအင်အားရှားပါးမှုကို ကျော်လွှားနိုင်ရန်အတွက် မိရိုးဖလာ စိုက်ပျိုးခြင်းထက် လယ်ယာသုံး စက်ကိရိယာများတွင်ကျယ်စွာ အစားထိုး အသုံးပြုရန်လိုအပ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စက်မှုလယ်ယာဦးစီးဌာနပိုင် စက်ကိရိယာများဖြင့် စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်း လုပ်ငန်းများကို ကူညီဆောင်ရွက်ပြီး ဒုတိယသီးနှံ (သီးထပ်) စိုက်ဧကတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ပြည်နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သီးနှံအထွက်နှုန်း တိုးတက်ရေးသာမက အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်ပြီး တောင်သူများ ဝင်ငွေတိုးစေရန် ဝိုင်းဝန်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားနပ်ရိက္ခာ ဖူလုံရန်အတွက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်လျက်ရှိသော တောင်သူများကလည်း ကြိုးစားဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် အကျိုးပြုသလို တောင်သူများအတွက် လူမှုစီးပွားဘဝများလည်း မြင့်မားလာမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ယူရီးယားဓာတ်မြေသြဇာနှင့် ရွှေဇီဝအားဖြည့် ကွန်ပေါင်း သဘာဝဇီဝမြေသြဇာများကို တက်ရောက်လာသော တောင်သူများကို ထောက်ပံ့ပေးအပ်ပြီး ဒေသခံတောင်သူများက စိုက်ပျိုးရေကို နည်းလမ်းပေါင်းစုံမှ ရရှိနိုင်ရေး ဆောင်ရွက်ပေးစေလိုမှု၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့် သွင်းအားစုများ ထောက်ပံ့ပေးလိုမှု၊ ရေနုတ်မြောင်းများအချိန်မီ တူးဖော်ပေးလိုမှု အခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြချက်များပေါ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နွေစပါးသီးနှံကို ကူဘိုတာ ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့်လည်းကောင်း၊ တန်ဖိုးနည်း ခြောက်တန်းသွား လက်ဆွဲစက်ဖြင့် စိုက်ပျိုးပြသခြင်းနှင့် ရှစ်တန်းသွားလက်ဆွဲ စပါးမျိုးစေ့ချကိရိယာဖြင့် လက်တွေ့သရုပ်ပြသ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ကောက်စိုက်စက်ပျိုးဗန်းဖြင့် ပျိုးထောင်ပုံ အဆင့်ဆင့်နှင့် လယ်ယာသုံးစက်ကိရိယာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုသည်။

**သက်နိုင် (မော်လမြိုင်)**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# မိတ္ထီလာစီးပွားရေးတက္ကသိုလ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ခေတ္တပါမောက္ခချုပ် ဒေါက်တာဖြူဖြူအိ၊ ဒုတိယပါမောက္ခချုပ်များနှင့် ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မိတ္ထီလာစီးပွားတက္ကသိုလ် ခေတ္တပါမောက္ခချုပ်က မောင်မယ်သစ်လွင်များအား နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာ မော်မော်ခင်နှင့် ဒေါက်တာ သီတာထူးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် သင်တန်းရေးရာများအကြောင်းကို ပြောကြားသည်။ ယင်းနောက် မေဂျာဌာနများကိုယ်စား ပါမောက္ခ၊ ဌာနမှူးများက မိတ်ဆက်ခဲ့ပြီး ဘာသာရပ်အလိုက် ကျောင်းသား ကျောင်းသူများက မြန်မာ့ရိုးရာအကများ၊ တေးသံသာများဖြင့် ဖျော်ဖြေခဲ့ကြသည်။

အဆိုပါ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ ပထမနှစ် ကျောင်းသား ကျောင်းသူ ၇၀၀ ကျော် တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ကျိုက်ထိုမြို့နယ်၌ ဘဏ္ဍာရေးနှစ်ပတ်လည်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ကျိုက်ထို ဇန်နဝါရီ ၁၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစုလီမိတက်နှင့် နီလာဈေးသမဝါယမ အသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက်က မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေလွင်နှင့် ပြည်နယ်သမဝါယမအသင်းစုချုပ် အတွင်းရေးမှူး ဦးမြင့်အောင်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ နီလာဈေးသမဝါယမအသင်းလီမိတက်မှ စုဆောင်းငွေအများဆုံးဆု (ပထမ၊ ဒုတိယနှင့် တတိယဆု) နှင့် နေ့စဉ်ငွေသွင်းရက်မှန်သောသူ ၂၃ ဆုတို့အား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စွန့်ပစ်ပစ္စည်းမှ တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ရာ၌ စက်မှုပိုင်းဆိုင်ရာနှင့် နည်းပညာပံ့ပိုးနိုင်ပါက ခိုင်မာသည့်ထုတ်ကုန်တစ်ခုအဖြစ် ရပ်တည်လာနိုင်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ပြည်တွင်းမှရရှိသည့် စွန့်ပစ်ပစ္စည်းများမှ တန်ဖိုးမြှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်၍ ပြည်တွင်းနှင့် ပြည်ပသို့ တင်ပို့ရာ၌ စက်မှုပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာကို ပံ့ပိုးပေးနိုင်ပါက ခိုင်မာသောဈေးကွက်တစ်ခု၏ ထုတ်ကုန်တစ်ခုအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်ကြောင်း ငှက်ပျောလျှော်မှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

နိုင်ငံတော်က အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး MSME လုပ်ငန်းရှင်များအနေဖြင့် ဒေသအလိုက် ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်နှင့်အတူ ပြည်ပပို့ကုန်အဖြစ် ထုတ်လုပ်တင်ပို့လျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် ဓာတုပစ္စည်းကင်းလွတ်သော စွန့်ပစ်ပစ္စည်းများမှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့် နာနတ်လျှော်၊ ချဉ်ပေါင်လျှော်၊ ကြာပင်လျှော်နှင့် ငှက်ပျောလျှော်တို့မှ တန်ဖိုးမြှင့် လူသုံးကုန်ပစ္စည်းကို ပြည်ပမှ မှာယူရာ၌ ဝယ်လိုအားပေါ်မူတည်၍ ရောင်းလိုအားကို ထုတ်လုပ်ရာတွင် စက်ပစ္စည်းနှင့် နည်းပညာပိုင်းဆိုင်ရာ လိုအပ်နေခြင်းဖြစ်သည်။

"ပြည်တွင်းမှာ ကုန်ကြမ်းပစ္စည်းပေါများတဲ့အတွက် စွန့်ပစ်ပစ္စည်းကနေ လျှော်ထုတ်ပြီး အဝတ်အထည် ထုတ်လုပ်ရာမှာ စက်ပစ္စည်းနဲ့ နည်းပညာ လိုနေပါတယ်။ ပြည်ပနိုင်ငံတွေက မြန်မာ့ငှက်ပျောလျှော်ကထုတ်တဲ့ အဝတ်အထည်နဲ့ ပဝါကိုကြိုက်ကြတယ်။ မှာသလောက် မပို့နိုင်ဘူး။ ကျွန်တော်တို့မှာ လိုသလောက် ထုတ်နိုင်တဲ့ စက်မရှိသေးဘူး။ အိန္ဒိယနဲ့ ဖိလစ်ပိုင်မှာတော့ စက်ပစ္စည်းပြည့်စုံတယ်။ ချည်ကို ကျစ်ဖို့အတွက် စက်လိုတာပါ။ မြန်မာ့ထုတ်ကုန်တွေကို နိုင်ငံခြားသားတွေ ပိုကြိုက်ကြတယ်။ ပြင်သစ်သံရုံးကဆိုရင် ငှက်ပျောလျှော်နဲ့ လုပ်တဲ့ ပိတ်စကို တစ်ကိုက် ၅၀၀၀၀ နဲ့ ၁၀ ကိုက်မှာထားတယ်။ ထိုင်းနိုင်ငံ ချင်းမိုင်ကလည်းမှာထားတယ်။ လိုသလောက် မရောင်းပေးနိုင်ဘူးဖြစ်နေတယ်။ အလျား ၇၂ လက်မ၊ အနံနှစ်ပေခွဲရှိတဲ့ပိတ်စကို ငါးရက်ကြာအောင်ရက်ရတယ်။ ငှက်ပျောချည်ကို ဆက်ရတာအချိန်ကြာတယ်။ ပြီးတော့ရစ်ရတယ်။ ထုတ်လုပ်မှုမြန်ဖို့အတွက် စက်ပစ္စည်းနဲ့ နည်းပညာလိုအပ်လာတာပါ"ဟု ငှက်ပျောလျှော်မှ အဝတ်အထည်ထုတ်လုပ်နေသည့် Green Banana Myanmar မှ ဦးမြင့်သိန်းက ပြောသည်။



ငှက်ပျောလျှော်မှ ထွက်ရှိသော ဒေသထွက်လက်မှုပစ္စည်းများကို တွေ့ရစဉ်။

စွန့်ပစ်ပစ္စည်းများဖြစ်သည့် ဗေဒါ၊ ကွမ်းသီးဖက်၊ အင်ဖက်၊ စလူရွက်၊ ငှက်ပျောရွက်နှင့် ငှက်ပျောအူတို့မှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့်အပြင် ငှက်ပျောလျှော်၊ နာနတ်လျှော်၊ ချဉ်ပေါင်လျှော်၊ ကြိမ်းပိုးနှမ်း (ရှမ်းပြည်မှထွက်ရှိ) နှင့် ကြာပင်လျှော်တို့မှ အဝတ်အထည်တို့ကိုထုတ်လုပ်၍ ပြည်တွင်းအပြင် ထိုင်း၊ စင်ကာပူနှင့် စပိန်နိုင်ငံသို့ တင်ပို့လျက်ရှိသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ကျော်တွင် ဂျပန်နိုင်ငံက ငှက်ပျောချည်မှ အဝတ်အထည်များ ထုတ်လုပ်ခဲ့ရာ ကမ္ဘာသို့ ကီမိုနိုဝတ်စုံအဖြစ် ထိုးဖောက်နိုင်ခဲ့ပြီး မြန်မာပြည်မှ ထွက်ရှိသည့် ငှက်ပျောလျှော်မှ ထုတ်လုပ်သော ပိတ်စနှင့် တဘက်အထည်ကိုလည်း ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဂျပန်နိုင်ငံက မှာယူမှုများရှိခဲ့ရာ မြန်ဆန်စွာ တင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။



ငှက်ပျောချည် အဝတ်အထည်ကို ပြည်ပနိုင်ငံများမှ နှစ်ခြိုက်ခြင်းသည် အေးမြခြင်း၊ ချွေးထွက်နည်းခြင်းနှင့် ပေါ့ပါးခြင်းတို့ကြောင့်ဖြစ်ပြီး ပြည်ပနိုင်ငံအချို့၌ ငှက်ပျောချည်မှ ကျည်ကာအင်္ကျီကို ထုတ်လုပ်လျက်ရှိသည်။ နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် စက္ကူကို ဝါးပင်မှ အများဆုံးထုတ်လုပ်လျက်ရှိရာ ငှက်ပျောပင်မှလည်း ထုတ်လျက်ရှိ၍ ဓာတုပစ္စည်းထုတ်ကုန်များ လျှော့ချမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့တွင် စွန့်ပစ်ပစ္စည်းမှ လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုသည် တစ်ချိန်တွင် ကမ္ဘာ့နိုင်ငံတို့တွင် လိုအပ်လာမည့် လူသုံးကုန်ပစ္စည်း ထုတ်ကုန်အဖြစ် သုံးစွဲမှုများလာနိုင်ကြောင်း စွန့်ပစ်ပစ္စည်းမှ တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်သည့် လုပ်ငန်းရှင်များက ခန့်မှန်းထားကြသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

## မောင်ငွေအိုး၏ "မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA) နှင့် ကျွန်တော်" စာအုပ်သစ်ထွက်ရှိ

စာရေးဆရာ မောင်ငွေအိုး၏ ဒုတိယမြောက်စာအုပ်ဖြစ်သော "မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) နှင့် ကျွန်တော်" စာအုပ်သစ်ထွက်ရှိလာသည်။ စာရေးသူသည် ၂၀၀၆ ခုနှစ်မှ ယနေ့အထိ MANA အသင်းတွင် စေတနာ့ဝန်ထမ်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ စီမံချက်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပြည်တွင်းပြည်ပ အစည်းအဝေးများ တက်ရောက်ရာတွင်လည်းကောင်း ရရှိသော အတွေ့အကြုံများကို တံလျှပ် သုတရသ ဂျာနယ်တွင် ဆောင်းပါးများ ရေးသားဖော်ပြခဲ့ပြီး ယခုစာအုပ်မှာ အဆိုပါဆောင်းပါးများကို စုစည်းထုတ်ဝေခြင်းဖြစ်သည်။

ယင်းစာအုပ်တွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA) ၏ နောက်ခံသမိုင်းကြောင်းမှ အစပြု၍ အသင်း၏ မျှော်မှန်းချက်နှင့် ပန်းတိုင်၊ ဖွဲ့စည်းပုံ၊ စည်းမျဉ်းစည်းကမ်းများနှင့် အသင်း၏ ဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းဖော်ပြထားသည်။ ထို့အပြင် အသင်းကို ဦးဆောင်ပဲ့ကိုင်ကြသူများ၊ အသင်းပိုင်အဆောက်အအုံများ၊ အသင်းဝင်အင်အား၊ အသင်း၏ ပြဋ္ဌာန်းစာအုပ်များ စသည့်အသင်းအကြောင်းဆောင်းပါးများအပါအဝင် မူးယစ်ဆေးဝါး ကင်းစင်သော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းဖြစ်စေရန် အသင်းကြီး၏ ကြိုးပမ်းဆောင်ရွက်နေမှုများကို ဆောင်းပါးပေါင်း ၅၀ နီးပါးနှင့် ရောင်စုံမှတ်တမ်းဓာတ်ပုံများဖြင့် ရေးသားတင်ပြထားသည်။

ဆရာမောင်ငွေအိုး၏ ပထမစာအုပ်ဖြစ်သော "ကျွန်တော်လေ့လာမိသော မူးယစ်ဆေးဝါးအန္တရာယ်လျှော့ချရေးနှင့် ဘဝပုံရိပ်များ" စာအုပ်သည် MANA အသင်းကြီး၏ မဟာဗျူဟာစာအုပ်ဟု ဆိုနိုင်ပြီး ယခု ဒုတိယစာအုပ်သည် နည်းဗျူဟာစာအုပ်ဟု ဆိုနိုင်ကြောင်း ဆရာအောင်ကြည်ညွန့်(တက္ကသိုလ်)က အမှာစာ ရေးသားပေးထားသည်။

စာအုပ်ကို ၂၀၂၄ ဇန်နဝါရီလတွင် ပထမအကြိမ်အဖြစ် အောင်မျိုးစာပေမှထုတ်ဝေပြီး အုပ်ရေ ၁၀၀၀ ဖြစ်ကာ စာအုပ်တန်ဖိုးမှာ ကျပ် ၇၀၀၀ ဖြစ်သည်။

**မြန်မာ့အလင်း**




## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၃-၁-၂၀၂၄ ရက်(စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ် (၂) တွင် အချို့သူများအတွက် ရုပ်ဆိုးသည်ဟု ထင်ရသောအရာသည် အခြားတစ်စုံတစ်ယောက်အတွက် အဖိုးထိုက်တန်သောအရာ ဖြစ်နေတတ်သည့်အတွက် အရာရာကို ကိုယ်ချင်းစာစိတ်ဖြင့် ဆုံးဖြတ်ဆောင်ရွက်သင့်ကြောင်း တင်ဆက်ထားသည့် "နန်းတော်ကြီးနဲ့ တဲငယ်လေး" မျက်နှာဖုံးဇာတ်လမ်း၊ ခုနစ်ထွေအကတွင် ပါဝင်သောဝန်အကအကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့်




"ခုနစ်ထွေအကဝန်အက" သုတဆောင်းပါးကဏ္ဍ၊ သူငယ်ချင်းများနှင့်အတူ ကူညီဝိုင်းဝန်းဆောင်ရွက်လိုစိတ်မရှိ၍ ကပ္ပိယကြီးကျွေးသော မုန့်များကို မစားလိုက်ရသော ချက်ကြီးအကြောင်းကို သရုပ်ဖော် တင်ဆက်ထားသည့် "ရှင်းစရာလေးတွေ" နှစ်မျက်နှာကာတွန်း၊ မိခင်ဥယျာဉ်သည်မကို ပုဏ္ဏားခြောက်ယောက်ထံတွင် အလှည့်ကျအလုပ်အကျွေးပြုရသည့် ဒုက္ခမှကင်းလွတ်စေရန် ဆောင်ရွက်ပေးခဲ့သော ပညာရှိသမီးအလိမ္မာအကြောင်းကို ရေးဖွဲ့ထားသည့် "ပညာရှိသမီးအလိမ္မာ" ပုံပြင်ကဏ္ဍ၊ ပန်းခြံထဲရှိ လိပ်ပြာလေးများကို လိုက်ဖမ်းရာ လက်တွင်ဒဏ်ရာရရှိသွားရာမှ အသိတရားရရှိသွားသော ဖိုးဇော်အကြောင်းကို တင်ဆက်ထားသည့် "ဖိုးဇော်လိုချင်တဲ့ လိပ်ပြာလေးတွေ" ဝတ္ထုကဏ္ဍ၊ ကလေးတို့ပေးပို့သော ပန်းချီလက်ရာများကို ထည့်သွင်းဖော်ပြထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ မိမိကိုယ်တိုင် မူးယစ်ဆေးဝါးကို မသုံးစွဲသော်လည်း အပေါင်းအသင်းမှားပေါင်းမိ၍ ဒုက္ခနှင့် ကြုံတွေ့ခဲ့ရသည့် ကပ္ပလီ၏ အစ်ကိုအကြောင်းကို တင်ဆက်ထားသည့် "ဝေးဝေးက ရှောင်ပါ" နှစ်မျက်နှာကာတွန်း၊ မိမိတတ်ကျွမ်းသော ပညာဖြင့် သူတစ်ပါးဒုက္ခရောက်စေရန်ဆောင်ရွက်မိ၍ မိမိကိုယ်တိုင် ဒုက္ခနှင့်ကြုံတွေ့ရပုံကို ရေးဖွဲ့ထားသည့် "ကိုယ့်အတတ်နဲ့ကိုယ်" နှစ်မျက်နှာကာတွန်း၊ အင်္ဂလိပ်စာသင်ခန်းစာအနေဖြင့် သီတင်းပတ်ကုန်ဆုံးရက်တွင် တစ်ခုခုစီစဉ်ထားပါသလားဆိုသည်ကို ပုံစံအမျိုးမျိုးဖြင့် ပြောဆိုပုံကို တင်ဆက်ထားသည့် "ရွှေသွေးစကားဝိုင်း" ကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး) မှ မဟာဘွဲ့အပါအဝင် ဘွဲ့ရကျောင်းသား ၁၄၀၀ ကျော် မွေးထုတ်ပေးနိုင်ပြီဖြစ်

**တောင်ကြီး ဇန်နဝါရီ ၁၁**

ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဆုနှင်းပေးအပ်ပွဲကို ဇန်နဝါရီ ၁၀ ရက်က တက္ကသိုလ်ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ကြိုဆိုပွဲတွင် ကျောင်းသား ကျောင်းသူများက မြကျွန်းညိုညိုတေးသီချင်းဖြင့် နှုတ်ခွန်းဆက်သီဆိုဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)ကို ၂၀၀၀ ပြည့်နှစ် ဩဂုတ် ၁၅ ရက်တွင် အစိုးရကွန်ပျူတာကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၇ ဇန်နဝါရီ ၂၀ ရက်တွင် တက္ကသိုလ်အဆင့်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် သက်တမ်း ၂၄ နှစ်ရှိပြီဖြစ်ကြောင်း၊ ကွန်ပျူတာသိပ္ပံဘွဲ့၊ ကွန်ပျူတာနည်းပညာဘွဲ့၊ ဘွဲ့လွန်ကွန်ပျူတာ ဒီပလိုမာဘွဲ့နှင့် မဟာဘွဲ့ရ ကျောင်းသား ကျောင်းသူ ၁၄၅၆ ဦးကို မွေးထုတ်ပေးခဲ့ပြီး လက်ရှိပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူဦးရေ ၇၇၇ ဦးခန့် တက်ရောက်ပညာသင်ကြားနေမှုကို သိရသည့်အတွက် ဂုဏ်ယူမိပါကြောင်းနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ရရှိထားသည့် ဘာသာရပ်ဆိုင်ရာ အခြေခံကောင်းများပေါ်မူတည်ပြီး အလုပ်ခွင်တွင် လက်တွေ့အသုံးချနိုင်အောင် ကွန်ပျူတာပညာရပ်များကို ဆက်လက်ကြိုးစားသွားကြရန်နှင့် ဆန်းသစ်တီထွင်မှုများကိုလည်း ဆက်လက်ဖော်ထုတ်သွားကြရန် ပြောကြားသည်။



ဆက်လက်၍ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်ခွင့်အောင်မြင်ပြီး ပထမနှစ်သင်တန်းသို့ ဝင်ခွင့်အမှတ်အများဆုံးရရှိသော ကျောင်းသား ကျောင်းသူများနှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပဥ္စမနှစ် ကွန်ပျူတာသိပ္ပံသင်တန်းတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်က ဆုချီးမြှင့်ပေးကာ အခြားသင်တန်းများတွင် ဆုရရှိသူများ၊ လွတ်လပ်ရေးနေ့ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ဆုများချီးမြှင့်ပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး) အတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာခင်စန္ဒာအောင်က လက်ခံယူပြီး ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ကျောင်းသား ကျောင်းသူများ၏ Project Show ကိုလည်း ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

**မောင်မောင်သန်း (ပြန်/ဆက်)**

# ပုဂံဒေသအတွင်း ရေကြီးရေလျှံမှု ထပ်မံမဖြစ်ပေါ်ရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်

**ညောင်ဦး ဇန်နဝါရီ ၁၁**

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ နယ်မြေအတွင်းရှိ ရှေးဟောင်းစေတီဘုရားပုထိုးများတွင် ရေကြီးရေဝပ်မှု ထပ်မံမဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရှေးဟောင်းကန်များ ပြုပြင်ပြီးစီးမှုအခြေအနေနှင့် လောကနန္ဒာ မြစ်ရေတင်လုပ်ငန်းတို့ကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၉ ရက်တွင် ကြည့်ရှုစစ်ဆေးသည်။ (ဓာတ်ပုံ)



ညွှန်ကြားရေးမှူးချုပ်သည် ပုဂံရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်ဒေသ ညောင်လက်ဖက်ကန် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမွေအနှစ် ထိခိုက်နိုင်မှုဆန်းစစ်ချက် (Heritage Impact Assessment, HIA) အစီရင်ခံစာ၏ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းနှင့် ယူနက်စကိုအဖွဲ့၏ စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ကန်ပေါင်မြေဖို့ခြင်း လုပ်ငန်းများတွင် ခိုင်ခံ့သိပ်သည်းမှု ရှိစေရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ မဖြစ်မနေအသုံးပြုရမည့် စက်ယန္တရားများကိုသာ အသုံးပြုဆောင်ရွက်ခဲ့ကြောင်းနှင့် ရှေးဟောင်းကန်များ၏ မူလသွင်ပြင်လက္ခဏာ မပျောက်ပျက်စေရေးအတွက် အလေးထား ဆောင်ရွက်ခဲ့မှုများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် လောကနန္ဒာမြစ်ရေတင်လုပ်ငန်းသို့ သွားရောက်ပြီး မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေနေမှု ရေတင်စက်များအနီး မြစ်အတွင်း သဲသောင်ဖြစ်ထွန်းမှု အခြေအနေ Moile Solar စနစ်ဖြင့် ရေဖျန်းစိုက်ပျိုးနေမှုနှင့် ကုန်းမြင့်ဧရိယာများရှိ ယာမြေများအတွက် ဆိုလာစနစ်သုံး အနိမ့်တင်ရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ မရိုးကန်နှင့် အလံပြကန်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အလံပြကန်၊ မရိုးကန်နှင့် ညောင်လက်လက်ဖက်ကန်တို့ကို ပြုပြင်ခြင်းလုပ်ငန်းသည် ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်း ရေကြီးရေဝပ်မှု ထပ်မံမဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဖြစ်ပြီး ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ပုဂံခေတ် ရေအသုံးချမှုစနစ်ကို ပြန်လည်ဖော်ထုတ်နိုင်ခဲ့ပြီး ကန်များအတွင်း မိုးရာသီကာလတွင် မိုးရေစုဆောင်း သိုလှောင်နိုင်ကာ ပတ်ဝန်းကျင်ရှိ ကျေးရွာများ နွေရာသီအချိန်တွင် သောက်သုံးရေရရှိစေခြင်း၊ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူပြုခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်းလည်း သိရသည်။

**ဒီပါလင်း**

# ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ဆိုလာရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ဝမ်းတွင်း ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် တောင်ဘိုကျေးရွာ၌ ဆောင်ရွက်လျက်ရှိသည့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ဆိုလာရေသန့်စင်စနစ်တပ်ဆင်ခြင်းနှင့် အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို တာဝန်ရှိသူများက ဇန်နဝါရီ ၉ ရက်က ကွင်းဆင်းစစ်ဆေးသည်။

တောင်ဘိုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ ထောက်ပံ့ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၅ သန်းတို့ဖြင့် ကျေးရွာတွင်းလမ်း အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ ဆိုလာရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းနှင့် ဂါလန် ၁၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်း၊ မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းနိုင်ဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။



ဝမ်းတွင်းမြို့နယ်အတွင်းရှိ ဆားတောင်ကျေးရွာ၊ တောင်ဘိုကျေးရွာ၊ ကျွဲတပ်ကျေးရွာ၊ ရွှေဂုံကျေးရွာ၊ ရာသချိုကျေးရွာ၊ ထီးလှိုင်ကျေးရွာတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ ထောက်ပံ့ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

# မြို့သစ်မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) များအား အခမဲ့ ဆေးကုသပေး

**မြို့သစ် ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) များ၏ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါများ အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခြင်းကို ဇန်နဝါရီ ၁၀ ရက်က မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သံဃာများကုသဆောင်၌ ဆောင်ရွက်ပေးသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မျိုးဇော် ဦးဆောင်ပြီး ကျန်းမာရေးဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) ၃၆ ဦးအား ကျန်းမာရေးအခြေအနေမေးမြန်းဆွေးနွေး၍ အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခဲ့ခြင်းဖြစ်သည်။

**သန်းဝင်းထွန်း (ပြန်/ဆက်)**

# ၂၀၂၄ နှစ်စတွင် ယမန်နှစ် ကာလတူထက် ပြည်တွင်းခရီးသွားလာမှု ပိုမိုများပြား

**ရန်ကုန် ဇန်နဝါရီ ၁၁**

ယခုနှစ် ဇန်နဝါရီလ အစပိုင်းတွင် ပြည်တွင်းခရီးသွားလာမှုသည် ယမန်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ပိုမိုများပြားနေသဖြင့် ယခုနှစ်တွင် ခရီးသွားလုပ်ငန်းများ အလားအလာကောင်းမည်ဟု ယူဆရကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က ပြောကြားသည်။

၂၀၂၃ နှစ်ကုန်ပိုင်းမှစ၍ ပြည်တွင်းခရီးသွားလာမှု ပြန်လည်များပြားလာခဲ့ပြီးနောက် ယခု ၂၀၂၄ ဇန်နဝါရီလတွင်လည်း ခရီးသွားလာမှု ကျဆင်းသွားခြင်းမျိုး မရှိခြင်းကြောင့် ယခုနှစ်ခရီးသွားလုပ်ငန်း တိုးတက်လာနိုင်ကြောင်း ၎င်းကဆိုသည်။ "အခုလောလောဆယ် ပုဂံဆိုရင်လည်း ခရီးသည်တွေ ထိုက်သင့်သလောက် ပြန်ရနေတာမျိုးတွေ့ရှိတယ်။ ဒီဇင်ဘာလ ပိတ်ရက်တွေကတည်းက အသွားများနေတာ အခုလည်း အသွားများနေသေးတယ်။ နိုင်ငံရေးတည်ငြိမ်မှုရှိရင် ခရီးသွားလုပ်ငန်းက လေးလပိုင်းလောက်အထိ ကောင်းသွားဖို့ရှိတယ်" ဟု အသင်းဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

ယခုကာလတွင် ခရီးသွားအများစုမှာ ပုဂံ၊ ချောင်းသာ၊ ငွေဆောင်၊ ကလော၊ အင်းလေး၊ ပြင်ဦးလွင် စသည့် နေရာများသို့ သွားလာမှုများပြားခဲ့ကာ ဇန်နဝါရီလ အစပိုင်းကာလတွင် ပြည်ပခရီးသွားဝင်ရောက်မှုအနေဖြင့်လည်း ပိုမိုများပြားနေကြောင်း ၎င်းကပြောသည်။ "ပြည်ပခရီးသွားဝင်ရောက်မှုအနေနဲ့ဆိုရင် ရုရှား၊ ထိုင်း၊ တရုတ်နိုင်ငံတွေက ခရီးသွားဝင်ရောက်မှုတွေ ပိုပြီးများလာတာကို တွေ့ရပါတယ်" ဟုလည်း အသင်းဥက္ကဋ္ဌက ပြောကြားသည်။

**MT**

## ရန်ကုန်မြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ပြည်သူတစ်သောင်းကျော် ကြည့်ရှုအားပေး

**ရန်ကုန် ဇန်နဝါရီ ၁၁**

ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ သာကေတမြို့နယ်ရှိပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ကျင်းပရာ ပြည်သူတစ်သောင်းကျော် လာရောက်ကြည့်ရှု အားပေးသည်။ **(အောက်ပုံ)**

"အဓိကကတော့ကရင်နှစ်သစ်ကူးပွဲမှာ ကရင်ရိုးရာလက်ဝှေ့သမားလေးတွေကစားဖို့ ကျင်းပပေးတာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ကလပ်အသီးသီးက လက်ဝှေ့သမားလေးတွေ လာရောက် ယှဉ်ပြိုင်ကြတာပါ။ မြန်မာ့ရိုးရာလက်ဝှေ့က လက်ဆင့်ကမ်းရမှာပါ။ ကမ္ဘာကလည်း စိတ်ဝင်စားတဲ့ အားကစားနည်းဖြစ်တယ်။ လက်ဝှေ့က ကရင်တိုင်းရင်းသားတွေ သူတို့ရဲ့ ရိုးရာလည်း ဖြစ်တာပေါ့။ အခုဆိုရင် ကရင်ပြည်နယ် မြိုင်ကြီးငူ၊ တောင်ကလေး တွေမှာဆိုရင် ရိုးရာလက်ဝှေ့ပွဲများ ကျင်းပနေတယ်။ ဒါကြောင့် မြန်မာ့ရိုးရာလက်ဝှေ့ မပျောက်ရေးအတွက် ဒီလိုပွဲမျိုးတွေကျင်းပပေးလို့ လာရောက်တဲ့ လူငယ်တွေ မြေစမ်းခရမ်းပျိုးဖြစ်တာပေါ့။ ဒီလိုပွဲတွေကနေ ပထမတန်းလက်ဝှေ့ကျော်များ ထွက်ပေါ်ခဲ့ပါတယ်" ဟု မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ အမှုဆောင်အရာရှိချုပ် ဦးကျော်ဇင်ဦးက ပြောသည်။

အဆိုပါ ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ကလပ်နှင့် GYM မှ ရိုးရာလက်ဝှေ့ကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြကာ အထူးစိန်ခေါ်ပွဲများနှင့် မျိုးဆက်သစ်စိန်ခေါ်ပွဲများ၊ ဝါသနာရှင်စိန်ခေါ်ပွဲများ တွဲဆိုင်း ၁၆ ဆိုင်း ကျင်းပခဲ့ကြောင်း သိရသည်။

**အာကာစိုး**





## (၂၂)ကြိမ်မြောက် ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ကျောက်တလုံးကြီး ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျောက်တလုံးကြီးမြို့၌ (၂၂)ကြိမ်မြောက် ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ချုပ်(PNFF) ဥက္ကဋ္ဌဖလား (အလွတ်တန်း) နှင့် ကန်တော်ကြီးဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ နောင်ကားစံပြကျေးရွာအားကစားကွင်း၌ပြုလုပ်ရာ အကြီးတန်းနှင့် အငယ်တန်းဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၀ ရက်က ကျင်းပသည်။

(၂၂) ကြိမ်မြောက် ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ချုပ်(PNFF) ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲသို့ ရှမ်းပြည်နယ်အတွင်းရှိဒေသအသီးသီးမှ အကြီးတန်းအဆင့်အသင်း ၁၀ သင်းနှင့် အငယ်တန်းအဆင့် ၆၉ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အငယ်တန်းအဆင့်ဗိုလ်လုပွဲတွင် ညိုမီးအသင်းက ဇလဲအသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် လည်းကောင်း၊ အကြီးတန်းအဆင့်ဗိုလ်လုပွဲတွင် မြင့်မိုရ်ခမ်းကောင်အသင်းက သထုံပေအသင်းကို နှစ်ဂိုး - ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရဗိုလ်စွဲခဲ့သည်။

ပြိုင်ပွဲတွင်ဆုရရှိသော အသင်းများအား တာဝန်ရှိသူများက ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ချုပ် (PNFF) ဥက္ကဋ္ဌဖလား၊ ကန်တော်ကြီးဥက္ကဋ္ဌဖလား၊ တစ်ဦးချင်းလည်ဆွဲဆုတံဆိပ်များ၊ ငွေသားဆုများ၊ နေရာအလိုက် အကောင်းဆုံးကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုများကို ချီးမြှင့်ပေးသည်။ **(အပေါ်ပုံ)**

**ဇော်နိုင်လင်း**

## တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အမရပူရမြို့နယ် ၁၄၅လမ်း၊ ၆၅ x ၆၆ လမ်းကြား၊ စက်မှု(၂)၊ ရတနာရှင်ကုန်တင်/ချဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Justus Beer ၁၉၆၈ ဘူး၊ Oppa Soiju ပုလင်း ၂၀ အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၂၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇန်နဝါရီ ၁၀ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မော်လမြိုင်မြို့နယ် မြေနီကုန်းရပ်ကွက် မြို့ရှောင်လမ်း၊ KS ဟိုတယ်အနီး၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Kashiwa ထမင်းပေါင်းအိုး ခြောက်လုံး၊ Sharp TV (Used) အလုံး ၃၁၀ အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၁၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Delivery Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၄၁၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အပြင် ဇန်နဝါရီ ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် KEYSTO စက်ဘီး သုံးစီး အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၀၀၀)**(အပေါ်ပုံ)**နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၁၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇန်နဝါရီ ၁၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ လေးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် ပိုက်ဆံအိတ်မျိုးစုံ ၈၀၀ ကီလိုဂရမ်၊ Geili Packing Machine သုံးလုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၇၉၀၀၀၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် CT ကလေးအဝတ်အထည် ၅၀၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့်စက်မှုဇုန်ထုတ် SHWE THWAY HIGH WAY BUS တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၅၉၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၁ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၄၃၄၀၀၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲတွင် VUC အသင်း ဆက်လက်ဦးဆောင်

**ရန်ကုန် ဇန်နဝါရီ ၁၁**

MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ် (၈) ကို ဇန်နဝါရီ ၁၁ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ VUC အသင်း ဆက်လက်ဦးဆောင်လျက်ရှိသည်။

ယခုတစ်ပတ်တွင် ဇယားထိပ်ဆုံးမှ VUC အသင်းသည် တတိယနေရာမှ MIU အသင်းကို အနိုင်ရခဲ့သည့်အပြင် ဒုတိယနေရာမှ Generations အသင်းမှာလည်း သရေကျခဲ့သဖြင့် အမှတ်ပြတ်ဖြင့် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ပွဲစဉ် (၈) တွင် လက်ရှိချန်ပီယံ VUC အသင်းက MIU အသင်းကို သုံးဂိုး - တစ်ဂိုး၊ Dream Team အသင်းက လက်ဝဲသုန္ဒရအသင်းကို ငါးဂိုး - သုံးဂိုး၊ Winner Soccer အသင်းက Futsal-19 အသင်းကို ငါးဂိုး - တစ်ဂိုး၊ M2K အသင်းက ဖူဆယ်ချစ်သူအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရပြီး Generations အသင်းနှင့် လင်းလက်အသင်း သုံးဂိုးစီသရေကျခဲ့သည်။

ပွဲစဉ် (၈) အပြီးတွင် VUC အသင်းက ရမှတ် ၂၄ မှတ်ဖြင့် ဦးဆောင်နေပြီး Generations အသင်းက ရမှတ် ၂၀၊ MIU အသင်းက ၁၆ မှတ်၊ Winner Soccer အသင်းက ၁၄ မှတ်၊ Futsal-19 အသင်းက ၁၀ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ကိုးမှတ်၊ လင်းလက်အသင်းနှင့် M2K အသင်းတို့က ခုနစ်မှတ်စီ၊ Dream Team အသင်းက ခြောက်မှတ်၊ လက်ဝဲသုန္ဒရအသင်းက သုံးမှတ် ရရှိထားသည်။

**ညီမြတ်သော်တာ**

# မြို့တော်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းရှိ မင်္ဂလာကန်တော် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်သို့သွားရောက်၍ တက္ကသိုလ်ဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်အဝင် အဓိပတိ(၁)လမ်းနှင့် အဓိပတိ(၂)လမ်းအကြား ရေကန်ကို ပြန်လည်ပြုပြင်ရန်၊ ကန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး ပန်းအလှပင်များစိုက်ပျိုးရန်နှင့် တက္ကသိုလ်အားကစားကွင်း ပြေးလမ်းပေါ်ရှိ မြက်များရှင်းလင်းပြီး စက်ယန္တရားများဖြင့် မြေညှိပြုပြင်ရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့် အဖွဲ့သည် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်ဝင်းအတွင်း ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ သန့်ရှင်းလတ်ဆတ်သော အစားအစာများ စားသုံးနိုင်စေရန်နှင့် ဈေးနှုန်းချိုသာစွာ ဝယ်ယူအားပေးနိုင်ရန် ရွေ့လျားဈေးကား (Mobile Market) စနစ်ဖြင့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ စားအုန်းဆီနှင့် ကြက်ဥများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၇) ရပ်ကွက် ရန်ကုန်-ညောင်တုန်းလမ်းနှင့် ရန်ကုန် - ပုသိမ်လမ်းဆုံရှိ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ ဘုရင့်နောင်ပန်းခြံသို့ သွားရောက်၍ ပန်းခြံဧရိယာအတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပစေရေးအတွက် မြေယာရှုခင်း ပြုပြင်ဆောင်ရွက်နေမှု၊ ပန်းခြံတိုးချဲ့နိုင်ရန်အတွက် ပန်းခြံနှင့် ဆက်စပ်နေသည့် ကုက္ကိုဝရေပေးဝေရေးစီမံကိန်း၊ ဇုန်အမှတ်(၉) မြေနေရာအတွင်း မြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းပြီး မြေညှိပြုပြင်ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ (၄) ရပ်ကွက်၊ ဘုရင့်နောင်တံတားအောက်သို့ သွားရောက်၍ ပန်းခြံတည်ဆောက်ရေးလုပ်ငန်းတွင် စင်ကာပူချယ်ရီ၊ အုန်းချိုမွှေး၊ ပေါ်လိုနီးယားနှင့် ခရေပင်များ စိုက်ပျိုးထားမှု၊ သခင်မြပန်းခြံတွင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊ မြေကွက်အမှတ် (JM-074)၊ မြေဧရိယာ (၁.၀၀)ဧကရှိ နွေဦးဆက်ကျောက်မျက်ရတနာကုမ္ပဏီလီမိတက် အမည်ပေါက်နှစ် ၃၀မြေငှားစာချုပ်မြေကွက်ကို နွေဦးဆက်ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၁၈၄၂/၂၀၂၃)၊ (၂၆-၆-၂၀၂၃)ရရှိထားသူ ဦးသက်ထွန်း (ဘ)ဦးသက်ကြည်(ခ) ရှာတော့ကျင် ၉/ခအဇ(နိုင်)၀၀၀၂၁၀မှ ဒေါ်ဝါဝါထိန်(ဘ)ဦးရန်လောက်ဆန် ၉/အမဇ(နိုင်)၀၀၉၈၈၆နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့် ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၁၁၀)ကေရှိ ဒေါ်မေသန္တာအေး ၁၂/မဂဒ(နိုင်) ၀၄၈၈၇၉ (ဘ) ဦးတင်အေးအမည်ပေါက် နှစ်(၃၀) မြေငှားစာ ချုပ် မြေကွက်အမှတ်(ပ-၂၃၃၆၆)ကို ပျဉ်းမနားမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၂၇/၂၀၂၃(၆-၉-၂၀၂၃) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နိုင်နိုင်လွင် ၁၂/ရကန (နိုင်) ၀၀၆၄၁၉ (ဘ)ဦးလှမြင့်ဦးမှ ဒေါ်ဟေဇင်ဖူး ၁၂/ဒဂမ(နိုင်) ၀၂၈၈၇၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၁၁**

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

### မိုးရွာသွန်းနိုင်မှုအခြေအနေ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

### အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၅ ဒီဂရီဖာရင်ဟိုက်မှ ၇၅ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၇၆ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၇ ဒီဂရီဖာရင်ဟိုက်မှ ၉၇ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

### အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၂၇ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၄၁ ဒီဂရီဖာရင်ဟိုက်မှ ၅၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၅၁ ဒီဂရီဖာရင်ဟိုက်မှ ၆၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီ ဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

### လေထုစိုထိုင်းဆအခြေအနေ

ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် ၆၁ ရာခိုင်နှုန်းမှ ၇၁ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၃ ရာခိုင်နှုန်းမှ ၉၃ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

### ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၂၁ မီလီမီတာ မှ ၃၀ မီလီမီတာအတွင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၃၁ မီလီမီတာမှ ၄၀ မီလီမီတာအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၄၁ မီလီမီတာမှ ၅၀ မီလီမီတာအတွင်း အသီးသီး ရှိနိုင်သည်။

### မြေဆီလွှာအောင်းရေအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

မိုး/ဇလ

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့် နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသော နေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့်ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင်မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်း ရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box) နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**





## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**( တရားမကျင့်ထုံး ကိုဋ္ဌပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)**

**ကျိုက်ထိုမြို့နယ်တရားရုံးတော်**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၅**

ဒေါ်စန်းစန်းကြည် **နှင့်** ဦးပြည့်ကျော်
တောင်တခြမ်းရွာ၊ ရပ်ကွက်(၃) တောင်တလုံးရွာ၊ ရပ်ကွက်(၃)
သိမ်ဇရပ်မြို့၊ ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့၊ ကျိုက်ထိုမြို့နယ်
**(တရားလို)** **(တရားပြိုင်)**

အထက်ပါအမှုမှ တရားပြိုင် ဦးပြည့်ကျော်(ဘ) ဦးစံသောင်း ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့၊ ရပ်ကွက်(၃)၊ တောင်တလုံးရွာနေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်စန်းစန်းကြည်က "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၈ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့ပါက သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်းများ အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်ထဲသို့ အထက်ပါ စာမှတ် စာတမ်းများအား ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၈)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်ဝေစုဖြိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ကျိုက်ထိုမြို့နယ်တရားရုံး**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်စျေးနှုန်းလေလံခေါ်ယူရောင်းချခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲ၊ မန္တလေးနေ့စဉ်သတင်းစာတိုက်မှ ထွက်ရှိလာသော လုပ်ငန်းသုံး ဘေးထွက်ပစ္စည်း သတင်းစာစက္ကူ (ရိုက်ပျက်/ဖြူပျက်) (၅.၅၈၀) တန်ကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်စျေးနှုန်း လေလံခေါ်ယူ ရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) **ရောင်းချမည့်ပစ္စည်းအမျိုးအစား** | - | Finland နိုင်ငံထုတ် News Print paper 48.8 gsm အမျိုးအစား |
| (၁) **ရိုက်ပျက်** | - | (၄.၈၀၅)တန် |
| (၂) **စက်မတင်မီပျက်(ဖြူပျက်)** | | (၀.၇၇၅)တန် |
| (ခ) **တင်ဒါပုံစံရောင်းချမည့်နေ့ရက်** | - | ၁၅-၁-၂၀၂၄ရက် |
| (ဂ) **တင်ဒါပုံစံရောင်းချမည့်နေ့ရာနှင့် တင်ဒါတင်သွင်းရမည့်နေရာ** | - | မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅လမ်းနှင့် ၃၆လမ်းကြား၊ လမ်း ၇၀ နှင့် ၇၁လမ်းကြား |
| (ဃ) **တင်ဒါနောက်ဆုံးတင်သွင်းရန် နေ့ရက်နှင့်အချိန်** | - | ၂၆-၁-၂၀၂၄ရက် ညနေ ၄း ၃၀နာရီ |
| (င) **တင်ဒါရွေးချယ်မည့် နေ့ရက်နှင့်အချိန်** | - | ၃၁-၁-၂၀၂၄ရက် နံနက် ၉နာရီ |
| (စ) **တင်ဒါရွေးချယ်မည့်နေရာ** | - | မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ (၆)ထပ်ဆောင် အစည်းအဝေးခန်းမ |
| (ဆ) **တင်ဒါလျှောက်လွှာ တစ်စုံရောင်းချစျေးနှုန်း** | - | ကျပ် ၂၀၀၀/- |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၀၅၉၇၇၅၊ ၀၉-၂၀၅၁၇၅၂၊ ၀၂-၂၈၄၇၃၉၈တို့သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ် ၇၃၃၊ ဦးပိုင်အမှတ် (၁၅/ခ)/၂၈လမ်း၊ ၇၂x၇၃လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူဇနီး ဒေါ်ခင်စိန်ကြည် ကွယ်လွန်၍ ကျန်ရစ်သူခင်ပွန်း ဦးသာဦး ၉/မရမ(နိုင်)၀၀၇၄၄၅က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ အကွက်အမှတ် ၄၁၃/အပိုင်း-၅-ခ၊ ဦးပိုင်အမှတ် (၁၉)/၆၇x၆၈ လမ်းကြား၊ ၃၇x၃၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူခင်ပွန်း ဦးစိုးလွင်ဦး ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်မြင့်မြင့်ဝင်း ၉/မရမ(နိုင်)၀၇၄၉၆၉က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ဓဓ-၂၈၊ ဦးပိုင်အမှတ် (၉)/ ၆၁x၆၂ လမ်းကြား၊ ၁၃၁x၁၃၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဇနီး ဒေါ်နန်းသန်းမြင့်(ခ)ဒေါ်သောင်းမြင့်(ခ)ဒေါ်သန်းမြင့် ကွယ်လွန်၍ ကျန်ရစ်သူခင်ပွန်း ဦးမောင်ဝင်း ၁၃/သပန(နိုင်)၀၁၅၆၅၁က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ဓဓ-၁၅၊ ဦးပိုင်အမှတ် (၁၀)/ ၆၁x၆၂ လမ်းကြား၊ ၁၃၁x၁၃၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဇနီး ဒေါ်နန်းသန်းမြင့်(ခ)ဒေါ်သောင်းမြင့်(ခ)ဒေါ်သန်းမြင့် ကွယ်လွန်၍ ကျန်ရစ်သူ ခင်ပွန်း ဦးမောင်ဝင်း ၁၃/သပန(နိုင်)၀၁၅၆၅၁က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာ တမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၂၈၊ ဦးပိုင်အမှတ် (၄၇)/ ၅၇x၅၈လမ်းကြား၊ ၁၃၄x၁၃၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခင်ပွန်း ဒုအရာခံဗိုလ်သန်းလှိုင် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်အမာတင် ၉/မနမ(နိုင်)၀၈၉၅၇၈က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် လလ-၁၁၊ ဦးပိုင်အမှတ် (၈၂)၊ ၆၄x၆၅ကြား၊ ၁၄၀x၁၄၁လမ်းကြားရှိ ဦးမျိုးမြင့် အမည်ပေါက်ဂရန်မြေကွက်အား တရားလို ဒေါ်စန်းစန်းမြင့်က တရားပြိုင် ဦးမျိုးမြင့် (၎င်း၏ SP ရသူ ဦးသန်းလွင်) အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၉၃/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်စန်းစန်းမြင့် ၉/မခန(နိုင်)၁၀၄၃၈၄ ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ် ၆၀၃-က၊ ဦးပိုင်အမှတ် (၂၃၃-က)/ခွာညိုလမ်းပေါ်၊ သပြေလမ်းနှင့် မြစ်ကြီးနား-မန္တလေး သံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စန်းစန်းလှိုင် ၁၃/လရန(နိုင်)၀၈၂၃၆၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် ၀၀-၂၊ ဦးပိုင်အမှတ်(၄၉-က)/၊ ၆၇x၆၈လမ်းကြား၊ Aလမ်းနှင့် Bလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကြည်ဇင်ဝင်း ၈/ပခက(နိုင်)၁၆၁၃၄၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ် ၆၁၂၊ ဦးပိုင်အမှတ်(၂၄)ခဲစင်းတောင်ဘက်ခြမ်း/စစ်ကိုင်း-မန္တလေးလမ်းပေါ်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးနိုင် (မန်နေဂျင်းဒါရိုက်တာ အေးအေးခိုင်ကုမ္ပဏီ) ၅/စကန(နိုင်)၀၄၉၀၂၇၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၄၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဟန်ဝင်းထွန်း ၉/မဟမ(နိုင်) ၀၂၇၆၅၈က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ် ၆၁၂၊ ဦးပိုင်အမှတ်(၂၄)ခဲစင်းတောင်ဘက်ခြမ်း/စစ်ကိုင်း-မန္တလေးလမ်းပေါ်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးနိုင် (မန်နေဂျင်းဒါရိုက်တာ အေးအေးခိုင်ကုမ္ပဏီ) ၅/စကန(နိုင်)၀၄၉၀၂၇၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၄၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဟန်ဝင်းထွန်း ၉/မဟမ(နိုင်) ၀၂၇၆၅၈က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် နန-၈၊ ဦးပိုင်အမှတ်(၄၅)/၆၂.Aလမ်း၊ ၁၃၂x၁၃၃လမ်းကြားရှိ ဦးသံချောင်း အမည်ပေါက်တောဂရန်မြေကွက်အား တရားလို ဒေါ်အိဇာမောင်က တရားပြိုင်ဦးသံချောင်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၈၆/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်အိဇာမောင် ၅/ခဥတ(နိုင်)၀၄၇၃၂၀က တောဂရန်တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် နန-၁၀၊ ဦးပိုင်အမှတ်(၅၅)/၆၀x၆၁ကြား၊ မင်္ဂလာလမ်းနှင့်စံပြလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးမြင့် ၅/စကန(နိုင်)၀၄၁၃၀၉၊ ဒေါ်စန္ဒာမျိုး ၉/မနတ(နိုင်)၀၀၅၃၂၅တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၁၃၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဘိုပိုင်သူ ၈/ရစက(နိုင်)၁၉၇၀၅၈က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် ဟ-၇၊ ဦးပိုင်အမှတ်(၅၈)/၆၇x၆၈ကြား၊ ၁၁၆x၁၁၇လမ်းကြားရှိ ဒေါ်တင်တင်သန်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်လှဝင်းဌေးက တရားပြိုင် ဒေါ်တင်တင်သန်း အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၅၇/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်လှဝင်းဌေး ၈/ပခက(နိုင်) ၁၅၄၅၉၄ က တောဂရန်တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် အ-၆၊ ဦးပိုင်အမှတ်(၃၇-ခ)/၆၇x၆၈ကြား၊ ဇော်ဂျီနှင့်ကုသိုလ်တော်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်းစော ၉/မရမ(နိုင်) ၀၁၀၆၄၃၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၆၆၀/၂၀၀၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးပြေအေး ၂/လကန(နိုင်)၀၂၃၇၃၅က ဦးပိုင်ခွဲမိန့်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဖဖ-၆၊ ဦးပိုင်အမှတ်(၁၅)/၄၈x၄၉ကြား၊ မနော်ဟရီနှင့် နှင်းဆီလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်သီတာ ၁၃/နဆန(ဧည့်)၀၀၀၁၀၁၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၅၇/၂၀၂၀) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးတင်လင်း ၉/ဝတန(နိုင်)၁၁၁၆၆၁က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် MRTV(HD) Channel မှ Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ (၁၂-၁-၂၀၂၄)ရက် (သောကြာနေ့)ညတွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ချင်းတိုင်းရင်းသားတို့၏ MQT Music Band တေးဂီတအဖွဲ့နှင့်အတူ ချင်းတိုင်းရင်းသား/သူတေးသံရှင်များ စုပေါင်းသီဆိုမည့် **"တောင်ဇလပ် တေးကဗျာ"** ဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ရာ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

**(၁၂-၁-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ "တောင်ဇလပ် တေးကဗျာ"တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၂)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | တောင်ပေါ်သူအလှ | တိုင်းရင်းသူအဆိုရှင် |
| ၂။ | Lairam Thar (ပန်းပေါင်းစုံပွင့်လန်းရာ) | တိုင်းရင်းသားအဆိုရှင် |
| ၃။ | ပွဲတော် | တိုင်းရင်းသားအဆိုရှင် |
| ၄။ | အလွမ်းမပျက်တဲ့ချင်းတောင်တန်း | တိုင်းရင်းသူအဆိုရှင် |
| ၅။ | ချင်းတောင်တန်းမှကြိုဆိုပါ၏ | တိုင်းရင်းသူအဆိုရှင် |
| ၆။ | Tho Ln Din Sal Uh Si (အတူတကွ ကြိုးပမ်းကြပါစို့) | တိုင်းရင်းသူအဆိုရှင် |
| ၇။ | အဝေးဆုံးဝေး | တိုင်းရင်းသားအဆိုရှင် |
| ၈။ | ချင်းတောင်လွမ်းချင်း | တိုင်းရင်းသားအဆိုရှင် |
| ၉။ | ချစ်တဲ့တောင်ဇလပ်နှင့်ချင်းတောင်တန်း | တိုင်းရင်းသူအဆိုရှင် |
| ၁၀။ | ချင်းမိခင်အိမ်အိုလေး | တိုင်းရင်းသူအဆိုရှင် |
| ၁၁။ | Lairam A Mawi (လှပသောချင်းပြည်) | တိုင်းရင်းသားအဆိုရှင် |
| ၁၂။ | မွေးရပ်ဌာနေ | Group Song |

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်းစုမြို့နယ်၊ မင်းဂုတ်ကျေးရွာနေ မောင်အောင်ပိုလတ်၏ဖခင် ဦးပို(ခ)ဦးမောင်ပို ၆/ကစန(နိုင်)၀၅၄၆၁၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးပို(ခ)ဦးမောင်ပို**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ထားဝယ်မြို့၊ ကညွန့်ရပ်၊ ဒါနလမ်း၊ အမှတ်(၃၀၃)နေ ဦးသိန်းထူး -ဒေါ်ကြူကြူတို့၏ သမီး မလင်းလက်တာရာ ၆/ထဝန(နိုင်) ၁၅၁၅၂၇နှင့် မလင်းလဲ့တာရာတို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ဝေါမြို့နယ်၊ အထက ထိန်တပင်ကျောင်း Grade(6) မှ မစုစုဝေ၏ မိဘအမည်မှန်မှာ ဦးတင်ဖေ-ဒေါ်သန်းနွဲ့ ဖြစ်ပါကြောင်း။

**ဦးတင်ဖေ-ဒေါ်သန်းနွဲ့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒေါ်တင်နွယ်အောင် ၇/ရကန(နိုင်)၀၃၇၃၉၆ ၏ မိခင်အမည်မှာ ဒေါ်ချိုချိုနှင့် ဒေါ်ချိုချိုအောင်ဟု အမည်(၂)မျိုး ကွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/89717 Dayang-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းဝေ ၉/မဟမ(နိုင်) ၀၃၀၄၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကြော်ငြာစာ
**( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ )**
**ကျောက်ဆည်ခရိုင်တရားရုံး**
**၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂**
**ကွယ်လွန်သူ ဒေါ်ရီရီခိုင်၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဆီဆုံရပ်ကွက်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ရီရီခိုင်၏ ကျန်ရှိရစ်သော ပစ္စည်းများပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးရဲစိုးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် (၁၃၈၅ ခုနှစ် ပြာသိုလဆန်း ၁၂ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ရီရီခိုင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လ ၂၂ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်မပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးရဲစိုး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်သီတာထွန်း)**
**ခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁-က/ ဥတ္တရသီရိတောင်ရပ်၊ မြေဧရိယာ ၀ ဒသမ ၄၅၉ ဧက၊ မြေကွက်အမှတ် (OS-၁၇)၊ ဒေါ်မို့မို့စိုး (ဘ) ဦးမြင့်စိုး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်မို့မို့စိုး ၁၄/မမန(နိုင်)၁၅၉၂၇၈ (ဘ) ဦးမြင့်စိုးမှ ဒေါ်နွယ်မာဝင်း (T&Z Finance Co.,Ltd) ၁၂/လမတ(နိုင်)၀၃၄၂၆၅ (ဘ) ဦးဇော်လင်းအမည်ဖြင့် မှတ်ပုံတင်မြေငှားရမ်းခြင်း သဘောတူစာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အထက(ခွဲ)ကွက်ငယ် တွင် ဒုတိယ မူလတန်းပြ တာဝန်ထမ်းဆောင်နေသော ဒေါ်စန်းတင့်၏ မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်း စာမေးပွဲ အောင်လက်မှတ် (က)ပါ ၁-၁-၁၉၆၆ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အထက(ခွဲ)ကွက်ငယ်တွင် ဒုတိယအလယ်တန်းပြ တာဝန်ထမ်းဆောင်နေသော ဒေါ်စိုးစိုးလွင်၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်ပါ ၁၈-၁၂-၁၉၈၀ ဖြစ်ပါကြောင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန
## ပင်လုံတက္ကသိုလ်
## (၁၇)ကြိမ်မြောက် (နေ့သင်တန်း)နှင့် ဒုတိယအကြိမ် (အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် ကြေညာချက်

ပင်လုံတက္ကသိုလ် (၁၇)ကြိမ်မြောက် (နေ့သင်တန်း)နှင့် ဒုတိယအကြိမ် (အဝေးသင်သင်တန်း)၏ ဘွဲ့နှင်းသဘင် အခမ်းအနားကို ပင်လုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ တက်ရောက်ဘွဲ့ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများ တင်သွင်းလျှောက်ထားနိုင်ပါသည်။

၁။ **ဘွဲ့နှင်းသဘင်ကြေး**

**တက်ရောက်ဘွဲ့ကြေး** ၁၅၀၀၀/- (တစ်သောင်းငါးထောင်ကျပ်တိတိ)

**အဝေးရောက် ဘွဲ့ကြေး** ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)

လျှောက်လွှာတင်သွင်းရမည့်ရက် ၅-၁-၂၀၂၄ ရက်မှ ၂၂-၁-၂၀၂၄ ရက်ထိ

**သတ်မှတ်ချက်**

(က) သတ်မှတ်ဘွဲ့လျှောက်လွှာပုံစံများကို သင်တန်းရေးရာဌာနမှ ရယူ၍ လွန်ခဲ့သော (၃)လအတွင်း ရိုက်ကူးထားသော(၂": ၁ $\frac{၁}{၂}$ ") ဓာတ်ပုံ(၃)ပုံနှင့်အတူ ပူးတွဲ၍ ပြည့်စုံစွာဖြည့်စွက်လျှောက်ထားကြရမည်။

(ခ) သတ်မှတ်ဘွဲ့ ကြေးများကို ပင်လုံတက္ကသိုလ် ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

(ဂ) ဘူမိဗေဒအထူးပြုနှင့် ဥပဒေပညာအထူးပြုဖြင့် ဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ဘွဲ့လျှောက်လွှာတင်သွင်းသည့်အချိန် နိုင်ငံသားစိစစ်ရေး ကတ်ပြားမူရင်းနှင့် မိတ္တူ နှစ်မျိုးလုံး ပါရှိရမည်ဖြစ်ပြီး ကျန်အထူးပြုဘာသာရပ်များမှ ဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူပါရှိမှသာလျှင် ဘွဲ့လျှောက်လွှာများကို လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ဃ။ ယခင်ပညာသင်နှစ်များ၌ သက်ဆိုင်ရာဘွဲ့အသီးသီးအတွက် ဘွဲ့လျှောက်ထားခြင်း မပြုရသေးသည့်သူများသည် အဝေးရောက်ဘွဲ့ လျှောက်ထား နိုင်ပါသည်။

၂။ (၁၇)ကြိမ်မြောက် (နေ့သင်တန်း)ဘွဲ့နှင်းသဘင် အခမ်းအနားကို ၂၄-၂-၂၀၂၄ ရက် (စနေနေ့)နံနက်ပိုင်း အစီအစဉ် နံနက် (၈:၃၀)နာရီ

- **ဝိဇ္ဇာ/သိပ္ပံ(မဟာဘွဲ့)** (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ရုက္ခဗေဒ)
- **မဟာဥပဒေဘွဲ့** (ဥပဒေပညာ)
- **ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)** (သမိုင်း၊ ဓာတုဗေဒ၊ သင်္ချာ)
- **ဝိဇ္ဇာ/သိပ္ပံဘွဲ့** (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊သမိုင်း၊ ဒဿနိကဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ)
- ဥပဒေဘွဲ့ (ဥပဒေပညာ)

(၁၇)ကြိမ်မြောက် (နေ့သင်တန်း) အစမ်းလေ့ကျင့်ရက် ၂၂-၂-၂၀၂၄ ရက် (ကြာသပတေးနေ့) နံနက်ပိုင်းအစီအစဉ် နံနက် ၈:၃၀ နာရီတွင် ကျင်းပပါမည်။

၃။ ဒုတိယအကြိမ် (အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင်အခမ်းအနား ၂၅-၂-၂၀၂၄ ရက် (တနင်္ဂနွေနေ့)

